# ဘုရားသခင်၏ ဆင်ခြင်အောက်မေ့ခြင်း အစာအာဟာရ (God’s Meditation Food)

## အပိုင်း ၁ (Volume 1)

ဂျိုဟန်း မေလခိဇေဒက် ပီတာ

Johann Melchizedek Peter

© Copyright 2014 by Johann Melchizedek Peter. All rights reserved. No part of this book may be reproduced or transmitted in any form or by any means, electronic or mechanical, including photocopying, recording or by any information storage and retrieval system, without permission in writing from the publisher.

This PDF copy of this book has been provided free for those who cannot afford it in order that they may be blessed and grow spiritually. Please feel free to donate whatever amounts you can afford towards the upkeep of our ministry.
Donations can be made via Pay Pal to elshaddai1@bigpond.com.
Please refer to the partners page of our website for any other form of donations:

Johann Ministries
GPO Box 330
Canberra
ACT 2601, Australia.
Website: www.johannministries.com
Email: elshaddai1@bigpond.com

© Copyright 2014 by Johann Melchizedek Peter.All rights reserved. 

# ဆက်ကပ် အပ်နှံခြင်း

ဤစာအုပ်သည်၊ ဂိညာဉ်ရေးရာ အသက်တာ ကြီးထွား ရန် ဆာငတ် ခင်မွတ်သော ခရစ်ယာန် များအားလုံးအတွက်၊ ရည်ရွယ်သည်။ အထူးသဖြင့်၊ ကျွန်ုပ်ကဲ့သို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော် အပေါ် ဆင်ခြင်အောက်မေ့ခြင်း ကို ရှာဖွေတွေ့ရှိ့သည့်တိုင်အောင်၊ ခြောက်သွေ့သော ကန္တာ ရ အား၊ ရင်ဆိုင် ရသောသူ များ အတွက် ဦးတည်ရေးသားသည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

# အကြောင်းအရာ


နိဒါန်း.......................................................................................................................................................................၅

ဂိညာဉ်ရေးရာ ကြီးထွားခြင်း အတွက် ဆုတောင်းချက်များ..........................................................................................................၉

ချစ်ခြင်းမေတ္တာ အပေါ် ဆင်ခြင်အောက်မေ့ခြင်း.........................................................................................................................၁၁

တွေးခေါ် မှု အသက်တာအပေါ် ဆင်ခြင်အောက်မေ့ခြင်း...............................................................................................................၁၇

ကျန်းမာခြင်း နှင့် အနာငြိမ်း ခြင်းအတွက်ဆင်ခြင်အောက်မေ့ခြင်း..................................................................................................၁၉

နငယ် ပျို့မြစ်ခြင်း ပေါ် ဆင်ခြင်အောက်မေ့ခြင်း............................................................................................................................၂၆

ခရစ်တော်၌ ရှိသောကျွန်ုပ်တို့၏အရိုက်အရာ.................................................................................................................................၂၇

ကြွယ်ဝချမ်းသာခြင်း အပေါ် ဆင်ခြင်အောက်မေ့ခြင်း......................................................................................................................၄၀

ကလေးသူငယ်များအတွက်ဆင်ခြင်အောက်မေ့ခြင်း........................................................................................................................၄၃


© Copyright 2014 by Johann Melchizedek Peter. All rights reserved.

# နိဒါန်း

ဤ စာအုပ်ငယ်လေး ကို၊ ယခင် က "ဘုရားသခင်၏ဆင်ခြင်အောက်မေ့ခြင်း အစာအဟာရ" ဟု အမည်ပေးခဲ့သည်။ ဂိညာဉ်ရေးရာလောက၏ အတွေ့အကြုံများကိုတွေ့ကြုံပြီးနောက်၊ ဆင်ခြင်အောက်မေ့ခြင်း နှင့် နက်ရှိုင်းစွာတွေးခေါ်ခြင်း ၏ အဆင့်များကို၊ ကျွန်ုပ်ကောင်းစွာသဘောပေါက်လာခဲ့သည်။ အသစ်သော နားလည်သဘောပေါက်မှု နှင့် လျော်ညီစွာ၊ ကျွန်ုပ်သည်၊ ဤ စာအုပ်ငယ်လေးအား ၊ "ဆင်ခြင်အောက်မေ့ခြင်း ဆိုင်ရာ ကျမ်းချက်များ အပိုင်း ၁" (Meditataion Scriptures Volume 1) ဟု အမည် ပြောင်း လဲခေါ်ဝေါ်ခဲ့သည်။

ဤ စာအုပ်ငယ်လေး သည်၊ နနယ်သော ခရစ်ယာန်များ အား ဂိညာဉ်ရေးရာ ကြီးထွားလာစေရန် အတွက် အထောက်အကူပြု ဦးတည်ရေးသားခဲ့ခြင်းဖြစ်သည်။ သမ္မာကျမ်းစာ က၊ ကျွန်ုပ်တို့သည် ဂိညာဉ် ဖြစ်သည် ၊ စိတ် ရှိ၍ ခန္ဓာ ကိုယ် ၌ နေထိုင်သည်။ (၁သက် ၅း၂၃)။  လူတို့သည်၊ ကာယ လေ့ကျင့်ခန်းများ အား ဖြင့်၊ မိမိ၏ ခန္ဓာကိုယ် အားလေ့ကျင့် ထိန်းကျောင်းခြင်း၊ စိတ်ပိုင်းဆိုင် ရာ အား စိတ်ပညာ ဘာသာရပ်အား ဖြင့်ထိန်းကျောင်းကြ သည်။ သို့သော်၊ ယနေ့ ခရစ်ယာန်များ၏ ကြီးမားသောလိုအပ်မှုမှာ၊ ၄င်းတို့၏ ဂိညာဉ်လူ ကို လေ့ကျင့်သွန်သင်ပေးရန်ဖြစ်သည်။

တစ်နေ့သောအချိန်၌၊ ရူပါရုံ တစ်ခုအား ဖြင့် ထိုအရာကို နားလည် သဘောပေါက်ခဲ့သည်။ ယင်းမှာ၊ အကျွန်ုပ်အတွင်းဂိညာဉ်လူ၏ အခြေအနေ ကို သခင်ဘုရား က ကျေးဇူးတော်အားဖြင့် ဖွင့်ပြခဲ့ရာ၊ ကျွန်ုပ် ၏ အတွင်းလူသည် ဂါးချောင်းတစ်ချောင်းကဲ့သို့ ပိန်လှီ လှသည်။ လွန်စွာ အားနည်းသော အခြေအနေ နှင့်ရင်ဆိုင်ရကာ ထိုရူပါရုံထဲ၌ ၊ နတ်ဆိုးများ ကျွန်ုပ်ကို ဂန်းရံကာ ကျွန်ုပ်သွားရမည့်လမ်း၌ ၊ခိုင်ခံသော နံရံ ဖြင့် ပိတ်ဆို့ထား သောကြောင့်၊ ရှေ့ဆက်တိုး၍ မရပေ။

ထိုရူပါရုံ ရရှိပြီးနောက်တွင်၊ ဘုရားသခင်သည် ကျွန်ုပ်အတွင်းဂိညာဉ်လူ၏ အခြေအနေကို ထောက်ပြပြောဆိုခဲ့သည်။  ကျွန်ုပ်၏ အတွင်းဂိညာဉ်လူ ကို၊ သန့်စွမ်းလေ့ကျင့်ပျိုးထောင် ကျွေးမွေးတတ်စေ ဖို့သင်ကြားပေးရန် ဘုရားသခင်ထံဆုတောင်းခဲ့သည်။ ပြီးနောက်တွင်၊ ဆင်ခြင်အောက်မေ့ခြင်း ၊ နက်ရှိုင်းစွာတွေးခေါ်ခြင်း နှင့် ပတ်သက်၍ အကျွန်ုပ်အား ဘုရားသခင် ဖွင့်ပြခဲ့သည်။

နေ့စဉ်နေ့တိုင်း၊ တစ်ရက်လျှင် ၆ နာရီ မှ ၇ နာရီ ကြာသည့်တိုင်အောင် ၊အကျွန်ုပ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဂန်ခံခြင်း အား တစ်နှစ်နီးပါး ကြာသည်အထိ၊ အချိန်ယူ အစပြုခဲ့သည်။ ရလဒ် အနေဖြင့်၊ ကျွန်ုပ်၏ အသက်တာတစ်ခု လုံး နှင့် အစေခံလုပ်ငန်းသည် လုံးဂ ခြားနား ပြောင်းလဲသွားခဲ့သည်။ ၆ လတာ ကာလ အတောအတွင်း၌ ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အကျွန်ုပ် ဂေ၄နေစဉ် တွင်၊ သန့်ရှင်းသော ဂိညာဉ်တော်၏ ဆုကျေးဇူး များ စတင်အလုပ်လုပ် လာသည်။  လူနာ များ နှင့် နတ်ဆိုး နှင်ထုတ်ရန် အတွက် အကျွန်ုပ် ဆုတောင်းသော အခါ ၊ အသစ်သော တန်ခိုး နှင့် အသက်၏ ခွန်အားကို ရှာဖွေ တွေ့ရှိ ခဲ့ရသည်။ ထို အချိန် မှစ၍ ၊ ကျွန်ုပ် အသက်တာ အရင်လိုမဟုတ်တော့ပေ။

ခရစ်ယာန်အသက်တာ၌၊ ကျွန်ုပ်တို့ လုပ်သမျှသော  အရာ အားလုံး သည်၊ ဂိညာဉ်ရေးရာ တန်ဖိုး မြင့်တင်ရန် ဖြစ်ပါက ၊ ထိုအရာကို ကျွန်ုပ်တို့၏ အတွင်းဂိညာဉ် လူ အား ဖြင့်သာ၊ လုပ်ဆောင်ရန် ဖြစ်သည်။ ရှင်ပေါလု ပြောခဲ့သည် မှာ၊ "ငါသည် အမှုတော်ကို စိတ်ဂိညာဉ် နှင့် တကွ ဆောင်ရွက်သည်" ၊ဟူ၍ ဖြစ်သည်။ ကျွန်ုပ်တို့၏ ဂိညာဉ်ရေးရာ ခွန်အားသည်၊ အကျွန်ုပ် တို့ အတွင်းဂိညာဉ်လူ ၏ ခွန်အား နှင့် အချိုး ကြသည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

သာမန် အသုံးအနှုန်း ၌၊ ဆင်ခြင်အောက်မေ့ခြင်း (Meditation) ဆိုသည့် စကားလုံးသည်၊ အရာဝတ္ထု တစ်ခု (ဂါ) အတွေးတစ်ခု အပေါ်၌ တိတ်ဆိတ်စွာ စဉ်းစား တွေးခေါ်ခြင်းဖြစ်သည်။ သို.သော်လည်း၊ သမ္မာ ကျမ်းစာကို လေ့လာရာ၌၊ ဆင်ခြင်အောက်မေ့ခြင်း၏ ရှုထောင့်တစ်ခု သည်၊ တိတ်ဆိတ်ခြင်း မဟုတ်ပါ။

ဓမ္မဟောင်းကျမ်း ၌၊ဟေဗြဲစကားလုံးအချို.ကို "ဆင်ခြင်အောက်မေ့သည်" (Meditate) ဆိုသည့်စကားလုံးအဖြစ် အနက်ပြန်ဆိုခဲ့သော်လည်း ၊ အဓိက ပင်မစကားလုံးသည်၊ ဟောဂါ "Hagah" ဟုခေါ်သည့်စကား လုံးဖြစ်သည်။ ဤ စကားလုံးကို ပင် ၊ "တီးတိုးပြောဆိုသည်" "Mutter" ဟုလည်း အနက်ပြန်ခဲ့သည်။ (ဟေရှာ ၅၉း၃ ၊ ၈း၁၉)။ ဆင်ခြင်အောက်မေ့သည်(Meditate) ဟု ခြောက်ကြိမ်ပြန်ဆိုခဲ့သည်။ (ယောရှု ၁း၈၊ ဆာလံ ၁း၂၊ ၆၃း၆ ၊၇၇း၁၂၊ ၁၄၃း၅၊ ဟေရှာ ၃၃း၁၈)။ စကားပြောသည်(Speak) ဟု လေးကြိမ်ပြန်ဆိုခဲ့သည်။ (ဆာလံ ၃၅း၂၈ ၊၃၇း၃၀ ၊၁၁၅း၇၊ သုတ္တံ ၈း၇) ။လေ့လာဆင်ခြင်သည် (Study) ဟု နှစ်ကြိမ်ပြန်ဆိုခဲ့ပြီး ၊(သုတ္တံ ၁၅း၂၈ ၊၂၄း၂)၊ မြွက်ဆိုသည် (Talk) ဟု တစ်ကြိမ်ပြန်ဆိုကာ (ဆာလံ ၇၁း၂၄) ၊ နှုတ်မြွက်သည် (Utter) ဟု တစ်ကြိမ် ပြန်ဆိုထားပါသည်။ (ယောဘ ၂၇း၄)

အထက်ပါ ကျမ်း ချက် များ ကို ကြည့် ခြင်း အား ဖြင့် ၊ "ဆင် ခြင် အောက် မေ့ ခြင်း" သည် ၊ နှုတ် လျှာ ပါး စပ် ကို တန် ဆာ ပလာ အ ဖြစ် အသုံး ပြု ၍၊ ဘုရားသခင် ၏ နှုတ်ကပတ် တော်ကို ဟော ပြော ခြင်း (သို.) တီး တိုး ပြော ဆို ခြင်း ဖြစ် ကြောင်း ညွှန် ပြထား ပါသည်။ သည့် အပြင် ၊ ကျွန်ုပ် တို.သည် ဘုရားသခင် ၏ နှုတ်ကပတ်တော် ကို တိတ်ဆိတ် စွာ ဖတ် ရှု သော အခါ ၊ မျက်စိ အ မြင် အာရုံ ဖြင့်သာ၊ နှုတ်ကပတ် တော် ကို ဖတ် ရှု သည်။သို.သော်၊ နှုတ်ကပတ် တော် ကို အသံထွက် ၍ ကျယ်လောင်စွာ ဖတ် ရှု သောအခါ ၊ မျက်စိကို အသုံး ပြု ၍ ဖတ် ကာ၊ နှုတ် မှ အသံ ထွက် ၍ နားကလည်း ကြား ရသည်။ စက္ခု အာ ရုံ တစ်ခု တည်း သာမက၊ အာရုံ သုံးပါး စလုံး သည်၊ နှုတ် ကပတ် တော် ကို တက် ကြွစွာ ဖတ် ရှု ဆင် ခြင်သည်။

ခရစ်ယာန်အသက်တာ၌ တိတ်ဆိတ်စွာ ဆင်ခြင်အောက်မေ့ရမည့် အခန်းကဏ္ဍရှိသော်လည်း၊ ကျွန်ုပ်အနေဖြင့် ထိုအရာကို နက်ရှိုင်းစွာ တွေးခေါ်ခြင်း ဟု အဓိပ္ပါယ် သတ်မှတ်လိုသည်။ ဤအကြောင်းအရာ တို.ကို၊ ဂိညာဉ်ရေးရာလောက(Spiritual World) ဟူသော စာအုပ်၌၊ ပို၍ ရှင်းပြထားသည်။ သို.သော်၊ ယခုစာအုပ်သည်၊ ဤ အခန်းကဏ္ဍနှင့်ပတ်သက်၍၊ ရှင်းလင်းထုတ်ဖော်ရန် စီစဉ်ထားခြင်း မဟုတ်ပေ။ ထို ဂိညာဉ်ရေးရာလောက(Spiritual World) ဟူသော စာအုပ်၌ ၊ ခရစ်ယာန်တို.အား တိတ်ဆိတ်စွာ ဆင်ခြင်အောက်မေ့ခြင်း နှင့် နက်ရှိုင်းစွာ ဆင်ခြင်အောက်မေ့ခြင်း တို.နှင့်စပ်လျဉ်း ၍၊ သင်ကြားပို.ချထားသည်။ (ဖိလပ္ပိ ၄း၈)

ဤစာအုပ်ထဲ တွင် ပါဝင်သော၊ ဘုရားသခင်၏ နှုတ်တော်ထွက် ကတိတော်များ ကို မိမိကိုယ်တိုင် နေ.စဉ်နေ.တိုင်း ကျယ်ေ လာင်စွာ ဖတ်ရှုဝန်ခံပါ။ သင့်ကိုယ်ပိုင်ဟန် ဖြင့် ဖတ်ရှု နိုင်ရန်၊ ထိုကျမ်းပိုဒ် များအား ပြင်ဆင်ထားပေးသည်။ "ဤအရာများ ကို စိတ်စွဲလမ်း ၍ ကြိုးစားအားထုတ်လော့" ဟု တိမောသေအား ရှင်ပေါလု သွန်သင်ခဲ့သည်။ (၁တိ ၄း၁၅)။ "ဤအရာများ" ဟု ဆိုလိုသည့် အဓိပ္ပါယ် ကို လေ့လာကြည့်သောအခါ၊ ရှင်ပေါလုသည်၊ "ယုံကြည်ချက်စကား၊ ကိုယ်တိုင်ရှာဖွေလေ့ကျက်သော သမ္မာဩဝါဒစကား" စသည်တို.ကို ညွှန်းဆိုထားခြင်း ဖြစ်သည်။ (၁တိ ၄း၁၆၊၆)

ဒုတိယအချက် အနေဖြင့် သင့်အသက်တာ၌ အခြားသောဘာသာစကားဖြင့် ပုံမှန် ဆုတောင်းသင့်သည်။ သင့်အား ကျွန်ုပ်တို.အကြံပေးလိုသည်မှာ၊ တစ်ရက်လျှင် အနည်းဆုံး တစ်နာရီ အခြားသော ဘာသာစကားဖြင့် ဆုတောင်း ရန်ဖြစ်သည်။ မည်သည့် အတွက်ကြောင့် အခြားသောဘာသာစကားဖြင့် ဆုတောင်းသင့်ကြောင်း ၊ အောက်ပါ အကြောင်းအရင်းအချို.ကို ကြည့်ပါလေ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

- အခြားသော ဘာသာစကားဖြင့် ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့. စိတ်ဂိညာဉ် သည် ဆုတောင်းသည်။ (၁ကော ၁၄း၁၄)
- အခြားသော ဘာသာစကားဖြင့် ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့.၏ အတွင်းဂိညာဉ်သည်၊ နိုးကြားမှုရှိလာကာ ကိုယ်စိတ်နှလုံး သုံးပါးစလုံးအား ထိန်းကျောင်း လွှမ်းမိုးသည်။
- အခြားသောဘာသာစကားဖြင့်ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့.၏အတွင်းဂိညာဉ်သည်၊ ခွန်အားပြည့်ဂလာကာ၊ တည်ဆောက်ခြင်း ခံစား ရသည်။ (၁ကော ၁၄း၄)
- အခြားသောဘာသာစကားဖြင့်ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့.သည် ဘုရားသခင်အားစကားပြော၍၊ သူ.ကိုချီးမြောက်ဂုဏ်ပြုခြင်း ဖြစ်သည်။ (၁ကော ၁၄း၂ ၊ တမန် ၁ဂး၄၆)
- အခြားသောဘာသာစကားဖြင့်ဆုတောင်းခြင်းသည်၊ အတွင်းဂိညာဉ် ၌ ဆုတောင်းခြင်း ဖြစ်၍၊ စာတန်ကို ဆန်.ကျင် တိုက်ခိုက်သော ဂိညာဉ်ပကတိ လက်နက် ဖြစ်သည်။ (ဧဖက် ၆း၁ဂ-၁၈)

- အခြားသောဘာသာစကားဖြင့်ဆုတောင်းသောအခါ၊ မိမိတို့.၏ အလွန်သန့်.ရှင်းသော ယုံကြည်ခြင်းအပေါ်၌၊ မိမိကိုယ်ကို တည်ဆောက်ခြင်း ဖြစ်သည်။ (ရှင်ယုဒ ၂ဂ)
- အခြားသောဘာသာစကားဖြင့်ဆုတောင်းခြင်းသည်၊ ကျွန်ုပ်တို့.၏ ဆုတောင်းခြင်း အသက်တာကို အထောက်အကူပြုသည်။ (ရောမ ၈း ၂၆)
- အခြားသောဘာသာစကားဖြင့်ဆုတောင်းခြင်းသည်၊ ဘုရားသခင်၏ ပြီးပြည့်စုံသော အလိုတော်ထဲ၌ ရှိသော ဆုတောင်း ချက်ဖြစ်သည်။ (ရောမ ၈း၂၇)
- အခြားသောဘာသာစကားဖြင့်ဆုတောင်းခြင်းသည်၊ အနာရောဂါဝေဒနာ များကို၊ ခုခံတားဆီးနိုင်ရန် ကူညီပေးသည်။ (ရောမ ၈း၂၆) ။ အနာရောဂါဝေဒနာများ (Infirmity) ဆိုသည့် စကားလုံးသည်၊ မဿဲ ၈း၁၇ တွင် သခင်ယေရှု သည်၊ ကျွန်ုပ်တို့.၏ အနာရောဂါဝေဒနာများ ကို ယူတင်ဆောင်ရွက်လေသည် ဟု၊ အသုံးပြုထားသည်။ အခြားသောဘာသာစကားဖြင့် ဆုတောင်းခြင်းသည်၊ ကျွန်ုပ်တို့.၏ ပတ်လည်ဂန်းရံ ၌ ထိုဖျားနာခြင်းများကို ခုခံတုန်.ပြန်ရန် ဂိညာဉ်ရေးရာ ပဋိ စွမ်းအား များကဲ့သို.ဖြစ်သည်။
- အခြားသောဘာသာစကားဖြင့်ဆုတောင်းသောအခါ၊ ဂိညာဉ်ရေးရာ ချမ်းသာ (Spiritual Rest) ထဲသို. ကျွန်ုပ်တို့. ဂင်ရောက် နားခိုသည်။ (ဟေဗြဲ ၄း၈၁ဂ ၊ ၁ကော ၁၄း၂၁ ၊ ဟေရှာ ၂၈း၁၁-၁၂)
- အခြားသောဘာသာစကားဖြင့် သီချင်းဆို ဆုတောင်း ခြင်း ဖြင့်၊ သာ၍ မြင့်မားသောအဆင့်တစ်ခု ၌၊ ဘုရားသခင်ကို ကိုးကွယ် ရန် အကူအညီပေးသည်။ ကျွန်ုပ်တို့.၏ နားလည်ခြင်း ကန်.သတ်မှုဘောင် ထက် ကျော်လွန်သည်။ (၁ကော ၁၄း၁၅ ၊ ယောဟန် ၄း၂၃-၂၄)

အတွင်းဂိညာဉ်ထဲ၌၊ မတူညီသော အသက်အတိုင်းအဆ ပမာဏ အများရှိကြသည်။ ဥပမာ- အခြားသောဘာသာစကားဖြင့် သီချင်း ဆိုခြင်း၊ ဘုရားသခင်၏အစေခံခြင်း၊ ဆာလံသီချင်းများ၊ ဓမ္မသီချင်း များ နှင့်၊ ဂိညာဉ်ရေးရာ သီချင်း များ စသဖြင့် ရှိကြသည်။သို.သော်လည်း၊ ကျွန်ုပ်တို့.သည် ယခု အချိန် မှ စတင်ကာ ဂိညာဉ်ရေးရာ နယ်ပယ်တွင် ဂိညာဉ်တော်၏ ဘာသာစကား နှင့် ဆုတောင်းခြင်းဖြင့် ၊ ထိရောက်စွာ စွမ်းဆောင်နိုင်ကြသည်။ (၁ကော ၁၄း၁၅ ၊ တမန်တော် ၁၃း၂ ၊ ဧဖက် ၅း၁၉)

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

တစ်ခါက၊ ရုပ်ရှင်တစ်ခု ထဲတွင်၊ ဘုရားသခင်သည် ကျွန်ုပ်အား ထူထပ်သော မှောင်မိုက်တန်ခိုး၏ စွမ်းအား များ က၊ ဤကမ္ဘာ လောကကြီး အားဂန်းရုံထားသည်ကို ဖွင့်ပြခဲ့သည်။ ဂိညာဉ်ထဲ၌ ၊ခရစ်ယာန်များ ဆုတောင်းသောအခါ၊ အလင်းရောင်ခြည် တန်းများ၊ခရစ်ယာန်များ ထံမှ စီးဆင်း ဖြာထွက်ကာ၊ လေထုထဲတွင် ရှိသော နတ်ဆိုး ဂိညာဉ်ဆိုး တို့၏ စွမ်းအား တို့ကို ကွဲလွင့်စေခဲ့သည်။ ထိုအလင်းရောင်ခြည်တန်းများ က၊ ထူထပ်သော မှောင်မိုက် ကို တွန်းထိုး ဖောက်ထုတ်ကာ၊ ဘုရားသခင်၏ ပလ္လင်တော်ရှေ့ သို့ထိုးဖောက် ရောက်ရှိကြသည်။
ဆင်ခြင်အောက်မေ့ခြင်း နှင့် ဆုတောင်းခြင်းသည်၊ သော့ချက် ဖြစ်၍၊ ကျွန်ုပ် တို့၏ ဂိညာဉ်ရေးရာ အသက်တာ လျှောက်လှမ်းမှု ၌လစ်လျူ ရှု မထား ရမည့် အချက်ဖြစ်သည်။သင်သည်၊ ဂိညာဉ်ထဲ၌ ၊ မခြားမလပ်ဆုတောင်းခြင်း နှင့် နှုတ်ကပတ်တော်ကို ဆင်ခြင် အောက်မေ့ခြင်းရှိလာသောအခါ ၊ ဉာဏ်ပညာ နှင့် ဗျာဒိတ်ဖွင့်ပြချက် ကို ပေးသော ဂိညာဉ်တော်သည်၊ သင့်အပေါ်၌ တည်နေပေမည်။ ယေရှု၏ နာမတော်၌။ အာမင်။

ဘုရားသခင်ကောင်းကြီးပေးပါစေ

ဆရာ ဂျိုဟန်း မေလခိဇေဒက် ပီတာ

Pastor Johann Melchizedek Peter

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

# ဂိညာဉ်ရေးရာ ကြီးထွားခြင်း အတွက် ဆုတောင်းချက်များ

အကျွန်ုပ်၏ ဘုရားသခင် သခင်ယေရှုဘုရား ၊ ဘုန်းကြီးသော ဘုရား ၊ အကျွန်ုပ် ဆုတောင်း သောအချက်ဟူမူကား ၊ ကျွန်ုပ် သခင်ယေရှု ခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ဘုန်းကြီး သော အဘခမည်းတော် သည်၊ ကိုယ်တော်မြတ်ကို သိခြင်း အလိုငှါ ပညာကိုငှင်း၊ ထိုးထွင်းသောဉာဏ် ကိုငှင်း၊ ကျွန်ုပ် အားပေးပါမည်အကြောင်း၊ ခေါ်တော်မူသောကြောင့် မြော်လင့်ရသော အရာကား အဘယ်အရာဖြစ်သည်ကိုငှင်း၊ သန့်ရှင်းသူတို့သည် ခံရသော အမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကိုငှင်း၊ ယုံကြည်သော အကျွန်ုပ်၌ ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကိုငှင်း ၊ အကျွန်ုပ်သည် သိစေခြင်းငှါ၊ အကျွန်ုပ်၏ ဉာဏ်မျက်စိ အလင်းကို လင်းစေပါမည်အကြောင်း ဆုတောင်းပဌနာပြု၏။ ထိုတန်ခိုးတော်ကား ၊ ခရစ်တော်ကို သေခြင်း မှရှင်ပြန်ထမြောက်စေတော်မူ ၍၊ ခရစ်တော်၌ ပြုပြင်သော မဟာတန်ခိုးအာနုဘော်အရှိန်ကဲ့သို့ဖြစ်၏။ ခပ်သိမ်းသော အထွဋ်အမြတ် ၊အာဏာစက်၊ တန်ခိုး၊ အစိုးရခြင်းမှစ၍ ၊ယခုဘဝနောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သော၊ ဘွဲ့နာမအလုံးစုံတို့အထက်၊ ကောင်းကင်အရပ် ၌၊ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သောနေရာ ကိုခရစ်တော်အားပေးတော်မူ၍ ၊ ခြေဘဝါးတော် အောက်သို့ အလုံးစုံ တို့ကို ချထားသဖြင့်၊အသင်းတော်အဘို့အလိုငှါ၊ သူ့ကို အလုံးစုံတို့၏ အချုပ်အချာ ဦးခေါင်းဖြစ်စေတော်မူ၏။ (ဧဖက် ၁း၁၇-၂၂)

ဆုတောင်းသောအချက်ဟူမူကား၊ ဂိညာဉ်တော်အားဖြင့် အကျွန်ုပ်၏ အတွင်းလူကို ခွန်အား နှင့် မြဲမြံ ခိုင်ခံ့စေ၍၊ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည်၊ ကျွန်ုပ်၏စိတ်နှလုံး အထဲ၌၊ ကျိန်းဝပ်တော်မူမည်အကြောင်း၊ ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်း နှင့်ညီလျော်စွာ၊ ကျွန်ုပ်အားပေးသနားတော်မူ၍ မေတ္တာ ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်း ကျတည်ခြင်း ရှိသဖြင့်၊ အကျွန်ုပ်သည် သန့်ရှင်းသူ အပေါင်းတို့၏နည်း တူ၊ အနံ့အလျား၊ အနက်အမြင့်တို့ကို၊ ပိုင်းခြား၍ သိခြင်းငှါငှင်း၊ ကိုယ် ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကိုသိနားလည်ခြင်း ငှါ ငှင်း။ အကျွန်ုပ်သည် တတ်စွမ်း နိုင်သဖြင့်၊ ဘုရားသခင်၏ ပြည့်စုံတော်မူခြင်း ရှိသမျှ နှင့်အညီ ပြည့်စုံကြပါမည်အကြောင်း၊ အကျွန်ုပ်သည် ဆုတောင်းလေ့ရှိ၏။ အကျွန်ုပ်၌ ပြုပြင်တော်မူသော တန်ခိုးတော်အတိုင်း၊ အကျွန်ုပ်တောင်းပန်ကြံစည်သမျှထက်၊ အလွန်ထူးခြားစွာ ပြုခြင်းငှါတတ်နိုင်တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်အားဖြင့် အသင်းတော်၌၊ ကမ္ဘာ အဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း ။ အာမင်။ (ဧဖက် ၃း၁၆-၂၁)

အဖဘုရားသခင်၊ အကျွန်ုပ်သည် အဘယ်သို့ ဆုတောင်းသနည်းဟူမူကား၊ အကျွန်ုပ်သည် ခြားနားသော အရာတို့ကိုပိုင်းခြားစေခြင်းငှါ၊ ဉာဏ်ပညာ အမျိုးမျိုးရှိလျက်၊ မေတ္တာပါရမီ တိုးပွား၍ ပြည့်စုံမည်အကြောင်းကိုငှင်း၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ဘုန်းအသရေတော်ကို ထင်ရှားစေတတ်သော ဖြောင့်မတ်ခြင်းအကျင့်နှင့် ကျွန်ုပ်သည်ပြည့်စုံ၍ ၊ ခရစ်တော်၏ နေ့ရက်တိုင်အောင် စိတ်ကြည်ဖြူလျက်၊ တိမ်းလဲခြင်း အမှု နှင့် ကင်းလွှတ် လျက်ရှိမည်အကြောင်းကို ငှင်း၊ အကျွန်ုပ် ဆုတောင်း ပဌနာပြု၏။ (ဖိလပ္ပိ ၁း၉-၁၁)

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

အဖဘုရားသခင်၊  ဆုတောင်းသောအချက်ဟူမူကား၊ အကျွန်ုပ်သည် ကောင်းသော အကျင့်အမျိုးမျိုး တည်းဟူသော အသီးကိုသီးခြင်း၊ ဘုရားသခင်ကိုသိသောဉာဏ် တိုးပွားခြင်းရှိသဖြင့်၄င်း၊ ဝမ်းမြောက်သောစိတ်နှင့်အရာရာ ၌ သည်းခံခြင်း၊ စိတ်ရှည်ခြင်း အလို့ငှါ ဘုန်းကြီးသော တန်ခိုးတော်အတိုင်း ခွန်အားနှင့်ပြည့်စုံသဖြင့်၄င်း၊ ခမည်းတော်ဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ သခင်ဘုရားနှင့် ထိုက်လျောက်စွာ ကျင့်၍ အရာရာ၌နှစ်သက်တော်မူစေခြင်းငှါ၊ ပညာအမျိုးမျိုး၊ ဓမ္မဉာဏ်အမျိုးမျိုး အားဖြင့် အလိုတော်ကို အကုန်အစင် နားလည်ပါမည် အကြောင်း ဆုတောင်းပဌနာပြု၏။ အလင်း၌ နေသော သန့်ရှင်းသူတို့၏ အမွေကို ကျွန်ုပ် သည် ဆက်ဆံဝင်စား ထိုက်မည်အကြောင်း၊ ကျေးဇူးပြုတော်မူ၏။ (ကောလောသဲ ၁း၉-၁၂)

အဖ၊ ထိုသခင်သည်၊ မိမိသန့်ရှင်းသူအပေါင်းတို့နှင့်အတူ ကြွလာသောအခါ၊ ကျွန်ုပ်အဘတည်းဟူသော ဘုရားသခင်ရှေ့မှာ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သော အကျွန်ုပ်၏ စိတ်နှလုံးကို ကိုယ်တော်သည် သန့်ရှင်းခြင်း ပါရမီ၌၊ မြဲမြံခိုင်ခံ့စိမ့်သောငှါ၊ သူတပါးအပေါင်းတို့ကို၄င်း ချစ်၍ အထူးသဖြင့် ကြွယ်ဝပြည့်စုံမည်အကြောင်း သခင်ဘုရားပြုတော်မူပါစေသော။ (၁သက် ၃း၁၂)

အဖ၊ အကျွန်ုပ်ဆုတောင်းသည်မှာ၊ အကျွန်ုပ် ဘုရားသခင်နှင့် အရှင်ယေရှု ခရစ်၏ ကျေးဇူးတော်အတိုင်း၊ ထိုသခင်၏နာမတော်ကို အကျွန်ုပ်အား ဖြင့်၊ ဘုန်းထင်ရှားစေခြင်းငှါ၄င်း၊ ခေါ်တော်မူခြင်းကျေးဇူးကိုခံထိုက်သည်ဟု မှတ်တော်မူ၍ ကောင်းမြတ်တော်မူခြင်း၏ စေတနာတော်အပေါင်းနှင့် အကျွန်ုပ်၏ ယုံကြည်ခြင်း အမှုကို တန်ခိုးနှင့်ပြည့်စုံစေတော်မူမည်အကြောင်းဖြစ်၏။(၁သက်၁း ၁၁-၁၂)

အဖ၊ ခရစ်တော်၏ သက်သေကို အကျွန်ုပ်၌တည်စေသည် ရှိသော် ၊ထိုခရစ်တော်အားဖြင့် အရာရာ၌ နှုတ်သတ္တိ ၊ဉာဏ်သတ္တိ အပေါင်းနှင့်ကြွယ်ဝပြည့်စုံသည် ဖြစ်၍ ၊ယေရှုခရစ်အားဖြင့်ပေးတော်မူသော ဆုကျေးဇူးတော်ကို အကျွန်ုပ်ထောက်၍၊ ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ်ချီးမွမ်း၏။ ထို့ကြောင့်၊ သခင်ယေရှု ပေါ်ထွန်းတော်မူခြင်းကို မြော်လင့်၍ နေ စဉ်၊ ဆုတော်တစ်စုံတစ်ခု မျှ မလျော့ဘဲစုံလင်လျက် ရှိကြ၏။ ကျွန်ုပ် သခင်ယေရှု၏ နေ့ရက်၌ အပြစ်တင်စရာ အခွင့်နှင့် ကင်းလွတ်မည်အကြောင်း၊ အကျွန်ုပ်ကို အဆုံးတိုင်အောင်မြဲမြံစေတော်မူပါ။ (၁ကော ၁း၄-၈)

အဖ၊ အကျွန်ုပ်ဆုတောင်းသည်မှာ၊ အနာရောဂါငြိမ်းစေခြင်းငှါ လက်တော်ကို ဆန့်တော်မူ၍ ၊ သန့်ရှင်းသောသားတော် ယေရှု၏ နာမတော်အားဖြင့်၊ နိမိတ်လက္ခဏာ၊ အံ့ဘွယ်သော အမှုတို့ကိုဖြစ်စေတော်မူစဉ်တွင်၊ ကိုယ်တော်၏ ကျွန်သည် နှုတ်ကပတ်တရားတော်ကို ရဲရင့်စွာ ဟောပြော ပါမည်အကြောင်း၊ ကယ်မသနားတော်မူပါ။ (တမန်တော် ၄း၂၉-၃၁)

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

# ချစ်ခြင်းမေတ္တာအပေါ် ဆင်ခြင်အောက်မေ့ခြင်း

၁) ထွက်မြောက်ရာ ၂၀း၆ ။ ။ကိုယ်တော့်ကိုချစ်၍၊ ကိုယ်တော့်ပညတ်တို့ကို ကျင့်သော အကျွန်ုပ် ၏ အမျိုးအစဉ်အဆက်အထောင်အသောင်းတိုင်အောင်၊ ကရုဏာကိုပြသော ဘုရားဖြစ်၏။

၂) တရားဟောရာ ၄း၃၇ ။ ။ အကျွန်ုပ်ကို ချစ်၍ ရွေးကောက်တော်မူပြီ။ ကိုယ်တော်၏မဟာတန်ခိုးတော်နှင့်မျက်မှောက်တော်အားဖြင့်၊ ဤလောကကြီးထဲမှ၊ ရွေးနုတ်တော်မူပြီ။

၃) တရားဟောရာ ၆း၅-၆ ။ ။ အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား ကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိ ရှိသမျှ နှင့်ချစ်သည်။ ကိုယ်တော်မှာထားသော ပညတ်တော်တို့ကို၊ နှလုံးသွင်းမည်။

၄) တရားဟောရာ ၃၀း၆။ ။ အကျွန်ုပ်သည် အသက်ရှင်မည် အကြောင်း၊ အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်စေခြင်းငှါ၊အကျွန်ုပ်၏ နှလုံးနှင့် အကျွန်ုပ်၏ အမျိုး အရေဖျားကို လှီးဖြတ်တော်မူမည်။

၅) တရားဟောရာ ၃၀း၁၆။ ။ အကျွန်ုပ်သည် အသက်ရှင် ၍၊ တိုးပွားမည်အကြောင်း နှင့် အကျွန်ုပ်ဝင်စား လတံ့သော ပြည် ၌၊ အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရားသည် အကျွန်ုပ်ကို ကောင်းကြီးပေးတော်မူမည်အကြောင်း၊ အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရားသခင်ကိုချစ်သဖြင့် နောက်တော်သို့လိုက်၍၊ စီရင်ထုံး ဖွဲ့တော်မူချက် ပညတ်တရားတော်တို့ကိုစောင့်ရှောက်မည်။

၆) တရားဟောရာ ၃၀း၂၀ ။ ။ အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရားသခင်ကို ချစ်၍ ၊စကားတော်ကို နားထောင်သဖြင့်၊ အသက်ရှင်ခြင်း အကျိုး၊ အသက်တာရှည်ခြင်း အကျိုးကိုပေးတော်မူသော ကိုယ်တော်ကို ဆည်းကပ် မှီဝဲမည်။

၇) တရားဟောရာ ၃၃း၃ ။ ။ အကျွန်ုပ်သည် ထာဝရ ဘုရားကိုချစ်၍ ၊ ကိုယ်တော်၏ခြေတော်ရင်း၌ ပြပ်ဝပ်ကာ၊ စကားတော်ကိုနာခံသည်။

၈) ယောရှု ၂၃း၁၁ ။ ။ အကျွန်ုပ်၏ ဘုရားသခင်ကို ချစ်ခြင်း ငှါ၊ ကိုယ်စိတ်နှလုံးကို သတိပြုသည်။

၉) တရားသူကြီး ၅း၃၁ ။ ။ ထာဝရဘုရားကိုချစ်သော အကျွန်ုပ်သည်၊ အရှိန်တန်ခိုးနှင့်ထွက်သော နေမင်း ကဲ့သို့ဖြစ်သည်။

၁၀) နေဟမိ ၁း၅ ။ ။အကျွန်ုပ်သည် ဘုရားသခင်ကို ချစ်သည်။ ပညတ်တော်တို့ကို နှစ်သက်၍ ၊ကျင့်စောင့်သော အကျွန်ုပ် နှင့် ဖွဲ့သော ကရုဏာပဋိညာဉ်ကို မဖျက်၊ တည်စေ သောသူ ဖြစ်သည်။

၁၁) ဆာလံ ၅း၁၁ ။ ။ အကျွန်ုပ်သည် ဘုရားသခင်ကို ချစ်၍၊ ကိုယ်တော်ကြောင့် ဝမ်းသာရွှင်လန်းခြင်း ရှိသည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၁၂) ဆာလံ၁၁း ၇ ၊ ၂ကော ၅း၂၁ ။ ။ ဘုရားသခင် သည် ဖြောင့်မတ်တော်မူ၍ ၊ ဖြောင့်မတ်ခြင်းကို နှစ်သက်သော အရှင်ဖြစ်သည်။ ခရစ်တော်၌ အကျွန်ုပ်သည် ဖြောင့်မတ်သောသူဖြစ်၍ ၊ သခင်ဘုရားသည် အကျွန်ုပ်ကို ချစ်သည်။

၁၃) ဆာလံ ၂၆း၈ ။ ။အိုထာဝရဘုရား၊ အိမ်တော်သည် အိမ်တော်တည်ရာကိုင်း၊ ဘုန်းတော်ထင်ရှားသော အရပ်ဌာနကိုလည်းကောင်း၊ အကျွန်ုပ် နှစ်သက်ပါ၏။

၁၄) ဆာလံ ၁၈း ၁ ။ ။အိုထာဝရဘုရား၊ အကျွန်ုပ်၏ ခွန်အားဗလဖြစ်သော ကိုယ်တော်ကို ချစ်ပါ ၏။

၁၅) ဆာလံ ၃၁း၂၃ ။ ။ အကျွန်ုပ်သည် ထာဝရဘုရား ကိုချစ်သည်။ ထာဝရဘုရားသည် သစ္စာရှိသော သူတို့ကို စောင်မတော်မူ၏။

၁၆) ဆာလံ ၃၃း၅ ။ ။ဖြောင့်မတ်စွာ ကျင့်ခြင်း နှင့်တရားသဖြင့် စီရင်ခြင်းကို အကျွန်ုပ် နှစ်သက်ပါ၏။ ပထဝီ မြေကြီးသည်၊ ထာဝရဘုရား၏ ကျေးဇူးတော်နှင့်ပြည့်ဝလျက် ရှိ၏။

၁၇) ဆာလံ ၄၀း၁၆ ၊ ဆာလံ ၇၀း၄ ။ ။ကိုယ်တော်၏ ကယ်တင်တော်မူခြင်းကို အကျွန်ုပ် နှစ်သက်တော်မူ၍ ၊ ထာဝရဘုရားဘုန်းကြီးတော်မူစေသတည်း ဟု အစဉ်မပြတ် ပြောမည်။

၁၈) ဆာလံ ၉၇း ၁၀ ။ ။ ထာဝရဘုရားကို အကျွန်ုပ် ချစ်၍ ၊ မကောင်းသော အမှုကို ရွံရှာသည်။

၁၉) ဆာလံ ၁၁၉း ၄၇-၄၈ ။ ။ အကျွန်ုပ်သည် နှစ်သက်သော ပညတ်တော်တို့၌၊ မွေ့လျော်ပါမည်။ နှစ်သက်သော ပညတ်တော်တို့အား လက်တို့ကို ချီ၍ အထုံးအဖွဲ့တော်တို့ကို၊ ဆင်ခြင်အောက်မေ့ပါမည်။

၂၀) ဆာလံ ၁၁၉း ၉၇ ။ ။ကိုယ်တော်၏တရားတော်ကို အကျွန်ုပ် အလွန်နှစ်သက်ပါ၏ ။တစ်နေ့လုံး ဆင်ခြင်အောက်မေ့လျက်နေပါ၏ ။

၂၁) ဆာလံ ၁၁၉း၁၁၃ ။ ။ အကျွန်ုပ်သည် အဓမ္မ လူတို့ကို မုန်း၍ ၊ ကိုယ်တော်၏ တရားကို နှစ်သက်ပါ၏။

၂၂) ဆာလံ ၁၁၉း ၁၂၇ ။ ။ အကျွန်ုပ် မူကား ၊ ပညတ်တော်တို့ကို ရွှေထက်မက၊ ရွှေစင်ထက်သာ၍၊ နှစ်သက်ပါ၏။

၂၃) ဆာလံ ၁၁၉း ၁၃၂ ။ ။ နာမတော်ကိုချစ်သောသူတို့၌ ၊ ပြုတော်မူတတ်သည်အတိုင်း ၊အကျွန်ုပ်ကို ကြည့်ရှု၍၊ ကယ်မသနားတော်မူပါ။

၂၄) ဆာလံ ၁၁၉း ၁၄၀ ။ ။ နှုတ်ကပတ်တော်သည် အလွန်စင်ကြယ်သည် ဖြစ်၍၊ ကိုယ်တော်၏ ကျွန်သည် နှစ်သက်ပါ၏။

၂၅) ဆာလံ ၁၁၉း ၁၅၉ ။ ။ကိုယ်တော်၏ ဥပဒေသများ ကို အကျွန်ုပ် နှစ်သက်ကြောင်းကို မှတ်တော်မူပါ။ အိုထာဝရဘုရား၊ ကရုဏာတော်ရှိသည် အတိုင်း ၊ အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။

၂၆) ဆာလံ ၁၁၉း ၁၆၃ ။ ။ မုသာစကားကို ကြားပျင်း ရွံရှာပါ၏။ တရားတော်ကိုကား နှစ်သက်ပါ၏။

၂၇) ဆာလံ ၁၁၉း ၁၆၅ ။ ။ တရားတော်ကို နှစ်သက်သောသူတို့၌ ၊ ကြီးစွာသော ငြိမ်ဝပ်ခြင်း ရှိပါ၏ ။ သူတို့စိတ်ပျက်စရာ အကြောင်းမရှိပါ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၂၈) ဆာလံ ၁၁၉း ၁၆၇ ။ ။ သက်သေခံတော်မူချက်တို.ကို၊ အကျွန်ုပ် ဝိညာဉ် သည်စောင့်ပါ၏ ။ အလွန်နှစ်သက်ပါ၏။

၂၉) ဟေရှာယ ၄၃း၄ ။ ။ အကျွန်ုပ်သည် ၊ ကိုယ်တော့် မြတ်နိုးရာ ဖြစ်သောကြောင့်၊ အသရေရ ရှိပြီ ။ ကိုယ်တော်သည် လည်း အကျွန်ုပ် ကိုချစ် ၏ ။

၃၀) မဿဲ ၅း၄၄ ။ ။ အကျွန်ုပ်၏ ရန်သူတို.ကို ချစ်မည်။ အကျွန်ုပ်ကို ကျိန်ဆဲသော၊ သူတို.အား မေတ္တာ ပို.မည်။ အကျွန်ုပ်ကို မုန်းသော သူတို.အား ကျေးဇူးပြုမည်။ အကျွန်ုပ်ကို ညှင်းဆဲသော သူတို.အဘို.၊ ဆုတောင်းပေးမည်။

၃၁) မဿဲ ၂၂း၃၇ ၊ ၃၉ ။ ။ အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရားကို စိတ် နှလုံး အကြွင်းမဲ့ ဉာဏ်ရှိသမျှ နှင့်ချစ်မည်။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ် နှင့်အမျှ ချစ်မည်။

၃၂) ယောဟန် ၈း၄၂ ။ ။ ခမည်းတော်သည် အကျွန်ုပ်၏ အဘ ဖြစ်၍ ၊ သခင်ယေရှုခရစ်တော်ကို အကျွန်ုပ် ချစ်သည်။

၃၃) ယောဟန် ၁၃း၃၄ ။ ။ ကိုယ်တော်သည် အကျွန်ုပ်တို.ကို ချစ်သည်နည်း တူ၊ ကျွန်ုပ်သည် အချင်းချင်း တစ်ယောက်ကို တစ်ယောက် ချစ်မည့်အကြောင်းပညတ်သစ်ကို ပေးတော်မူ၏။

၃၄) ယောဟန် ၁၄း၁၅ ။ ။ အကျွန်ုပ်သည် သခင်ယေရှုကို ချစ်၍ ၊ သူ၏ပညတ်တော်တို.ကို စောင့်ရှောက်သည်။

၃၅) ယောဟန် ၁၄း၂၁ ။ ။ ကိုယ်တော်၏ ပညတ်တို.ကိုရ၍ ၊ စောင့်ရှောက်သော အကျွန်ုပ် သည်၊ကိုယ်တော့်ကို ချစ်သောသူဖြစ်၏။ သခင်ယေရှု ကို အကျွန်ုပ် ချစ်၍၊ ခမည်းတော်သည် လည်း အကျွန်ုပ်ကို ချစ်တော်မူသည်။

၃၆) ယောဟန် ၁၄း၂၃ ။ ။ ကိုယ်တော့်ကို ချစ်သော အကျွန်ုပ်သည်၊ ကိုယ်တော့်စကားကို နားထောင်မည်။ ခမည်းတော်သည်၊ အကျွန်ုပ်ကို ချစ်တော်မူသည်။ ကိုယ်တော်သည်လည်း အကျွန်ုပ်ဆီသို. ကြွ၍၊ နေရာ ချမည်။

၃၇) ယောဟန် ၁၅း၉-၁၂ ။ ။ခမည်းတော်ဘုရားသည်၊ ယေရှုကိုချစ်တော်မူသည် အတိုင်း၊ ယေရှုသည် အကျွန်ုပ် ကို ချစ်၏ ၊ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာ၌ အကျွန်ုပ် တည်သည်။ သခင်ယေရှု၏ ပညတ်ဟူမူကား၊ ကိုယ်တော်သည် အကျွန်ုပ်ကို ချစ်သည့်နည်းတူ၊ အကျွန်ုပ်သည် အချင်းချင်းတို.ကို ချစ်သည်။

၃၈) ယောဟန် ၁၇း၂၃-၂၆ ။ ။ခမည်းတော်ဘုရားသည်၊ သားတော်ယေရှု ကိုချစ်တော်မူသည် အတိုင်း၊ အကျွန်ုပ်ကို ချစ်သည်။ ခမည်းတော် ဘုရားသည်၊ သခင်ယေရှု ကို ကမ္ဘာ မတည်မရှိမှီ ကပင်၊ ချစ်တော်မူသည်။ ခမည်းတော်ဘုရားသည်၊ ကမ္ဘာ မတည်မရှိမှီ ကပင်၊ အကျွန်ုပ်ကို ချစ်တော်မူသည်။သခင်ယေရှု ကိုချစ်တော်မူသော ခမည်းတော်၏ မေတ္တာတော်သည်၊ အကျွန်ုပ်အထဲ၌ ရှိ၍၊ သခင်ယေရှုသည်အကျွန်ုပ် အထဲ၌၊ ရှိတော်မူသည်။

၃၉) ရောမ ၈း၂၈ ။ ။ ဘုရားသခင်ကို ချစ်သောသူတည်း ဟူသော ကြံစည်တော်မူခြင်း အတိုင်းခေါ်တော်မူသောအကျွန်ုပ်၏ အကျိုး ကို ခပ်သိမ်းသော အရာတို.သည် တစ်ညီ တစ်ညွတ်တည်း ပြုစု ကြသည် ကို အကျွန်ုပ် သိ၏။

၄၀) ရောမ ၈း၃၅ ၊ ၃၈ ၊ ၃၉ ။ ။ ကောင်းကင် ဖြစ်စေ ၊ မြေကြီး ဖြစ် စေ၊ ငရဲ ဖြစ် စေ၊ အဘယ် နိမိတ္တ အရာ မျှ ခမည်းတော် ၏ချစ်ခြင်း နှင့် အကျွန်ုပ်ကို မကွာစေ နိုင်ပါ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၄၁) ရောမ ၈း၃၇ ။ ။ အကျွန်ုပ်ကို ချစ်တော်မူသော ခမည်းတော် အားဖြင့် အကျွန်ုပ်သည် အောင်မြင်သောသူထက်အောင်မြင်သောသူဖြစ်သည်။

၄၂) ရောမ ၁၃း၈ ။ ။ အကျွန်ုပ်သည်၊ ချစ်ခြင်း မေတ္တာ မှ တစ်ပါး မည်သူ. အပေါ် ၌ မျှ၊ အကြွေး မတင်ပါ ။ သူတစ်ပါး ကိုချစ်သော အကျွန်ုပ်သည် အကျင့်တရား နှင့် ပြည့်စုံပြီ ။

၄၃) ၁ကော ၂း ၉ ။ ။ ဘုရားသခင်ကို ချစ်သော ကျွန်ုပ် အဖို.အလိုငှါ ၊ ဘုရားသခင် ပြင်ဆင်တော်မူသော အရာတို.ကို၊ အကျွန်ုပ် မျက်စိဖြင့် မမြင်၊ နားဖြင့် မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး ။

၄၄) ၁ ကော ၁၃း ၄-၈ ။ ။ ဘုရားသခင်၏ မေတ္တာတော်သည် အကျွန်ုပ် ၌ ရှိ၍၊ အကျွန်ုပ်သည် စိတ်ရှည်တတ်၏။ ကျေးဇူး ပြုတတ်၏။ အကျွန်ုပ် သည် ဂုဏ်ပြိုင်ခြင်း မရှိ ၊ ငါကြွားခြင်း မရှိ ၊ မာန်မာန မရှိ ။ မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုး ကို မရှာတတ် ၊ ဒေါသအမျက် မထွက်တတ် ၊ အပြစ်ရှိသည် ဟု မထင်တတ်၊ မတရားသော အမှု ၌ ဝမ်းမြောက်ခြင်း မရှိတတ်။ သမ္မာတရား ၌ ဝမ်းမြောက်တတ်၏ ။ ခပ်သိမ်းသော အရာ ကို ဖုံးအုပ်တတ်၏ ။ ခပ်သိမ်းသော အရာ ကို ယုံတတ်၏ ။ ခပ်သိမ်းသော အရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသော အရာကို သည်းခံတတ်၏။ ဘုရားသခင်၏ မေတ္တာသည် အကျွန်ုပ် ၌ ရှိ၍ ၊ ဖောက်ပြန်ခြင်းသဘော နှင့် အစဉ် ကင်းလွတ်၏။

၄၅) ၂ကော ၁၂း၁၅ ။ ။ အကျွန်ုပ်သည်၊ ကိုယ်ဥစ္စာကို ၄င်း၊ ကိုယ်ကို၄င်း၊ ကုန်စေခြင်း ငှါ၊ အလွန်စေတနာ ရှိ၏ ။ အကြောင်း မှာ၊ အကျွန်ုပ်သည်၊ ခရစ်တော်၏ မေတ္တာ နှင့် ကြွယ်ဝစွာ ချစ်တော်မူသောကြောင့်ဖြစ်သည်။

၄၆) ဂလာတိ ၂း၂၀ ။ ။ ယခု အကျွန်ုပ် ရှင်သော အသက်သည်၊ ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်း အားဖြင့် တည်၏ ။ သားတော်သည် အကျွန်ုပ်ကို ချစ်၍၊ အကျွန်ုပ် အဘို.ကိုယ်ကိုကိုယ် စွန်.တော်မူပြီ။

၄၇) ဖေက် ၁း၃-၄ ။ ။ အကျွန်ုပ်သည်၊ ဘုရားသခင့်ရှေ့.တော်၌ ၊ မေတ္တာ အားဖြင့် သန့်ရှင်းလျက်၊ အပြစ်ကင်းလွှတ်လျက် ဖြစ်မည်အကြောင်း၊ ဤကမ္ဘာမတည် မရှိမှီ၊ အကျွန်ုပ်ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်။

၄၈) ဖေက် ၂း ၄-၇ ။ ။သို.သော်လည်း၊ ကရုဏာတော် နှင့် ကြွယ်ဝတော်မူသော ဘုရားသခင်သည်၊ အကျွန်ုပ် ကို ချစ်တော်မူသော မဟာမေတ္တာတော် အားဖြင့်၊ ခရစ်တော် နှင့် အတူ အသက်ရှင်စေတော်မူပြီ။ ယေရှုခရစ်အားဖြင့်၊ အကျွန်ုပ်ကို ထမြောက်စေ၍ ၊ ကောင်းကင် အရပ်၌၊ နေရာပေးတော်မူပြီ။ အကြောင်းမူကား ထိုသခင်အားဖြင့်၊ ငါတို.၌ကျေးဇူးပြု၍၊ ကျေးဇူးတော်၏ အလွန် ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို.၌၊ ထင်ရှားစေမည် အကြောင်း ဖြစ်သတည်း။

၄၉) ဖေက် ၅း၂ ။ ။ ခရစ်တော်သည် အကျွန်ုပ်ကို ချစ်တော်မူသော အားဖြင့်၊ ဘုရားသခင့်ရှေ့.တော်၌၊ မွှေးကြိုင်သော ရနံ. ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ် ဆက်ကပ် ၍ ယဇ်ပူဇော် လျက်၊ ကျွန်ုပ် အတွက် စွန်.တော်မူသည်။

၅၀) ဖေက် ၆း၂၄ ။ ။ယေရှု ခရစ်ကို အမှန်ချစ်သော အကျွန်ုပ် နှင့် အတူ၊ ကျေးဇူးတော်ရှိသည်။

၅၁) ၁သက် ၄း၉ ။ ။ အကျွန်ုပ်သည် အချင်းချင်း ချစ်စေခြင်း ငှါ၊ ဘုရားသခင် ဆုံးမသွန်သင်သောသူဖြစ်၏။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၅၂) ၂သက် ၂း၁၆-၁၇ ။ ။ အကျွန်ုပ်ကို ချစ်တော်မူ၍ ၊ ထာဝရ သက်သာခြင်း အကြောင်းကိုငှင်း၊ ကျေးဇူးတော်အားဖြင့် ကောင်းသော မြော်လင့်ခြင်း အကြောင်းကိုငှင်း၊ ပေးတော်မူသော အကျွန်ုပ် အဘတည်းဟူသော ဘုရားသခင်နှင့် အကျွန်ုပ်သခင်ယေရှု ခရစ်သည်၊ ကိုယ်တော်တိုင် အကျွန်ုပ် စိတ်နှလုံးကို သက်သာစေ၍၊ ကောင်းသောစကား၊ ကောင်းသော အမှု အမျိုးမျိုး ၌၊ အကျွန်ုပ်ကို မြဲမြံစေတော်မူမည်။

၅၃) ၂တိ ၄း၈ ။ ။ ဓမ္မသရဖူသည်၊ အကျွန်ုပ် အဖို့သိုထားလျက် ရှိ၏။ ပေါ်ထွန်းတော်မူခြင်းကို တောင့်တသော အကျွန်ုပ်၌လည်း အပ်ပေးတော်မူမည်။

၅၄) ဟေဗြဲ ၁း၉ ။ ။ အကျွန်ုပ်သည် ဖြောင့်မတ်ခြင်း တရားကို နှစ်သက်၍၊ မတရားသော အမှုကို မုန်း၏။ ကိုယ်တော်၏ ဘုရားသခင်သည်၊ ကိုယ်တော်၏ အပေါင်းအဘော်တို့ထက်၊ အကျွန်ုပ်ကို ရွှီးမြောက်၍၊ ဝမ်းမြောက်ခြင်းဆီ နှင့် ဘိသိက်ပေးတော်မူပြီ။

၅၅) ယာကုပ် ၁း၁၂ ။ ။ စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသော အကျွန်ုပ်သည် မင်္ဂလာ ရှိ၏။ အကြောင်းမူကား၊ စစ်ကြော စုံစမ်းခြင်းကို ခံပြီးမှ၊ သခင်ဘုရားကို ချစ်သော အကျွန်ုပ်သည်၊ ဂတိထားတော်မူသော အသက်သရဖူကို ရလိမ့်မည်။

၅၆) ယာကုပ် ၂း၅ ။ ။ အကျွန်ုပ်သည် ဘုရားသခင်ကို ချစ်၍၊ ယုံကြည်ခြင်း ရတနာကို ရတတ်စေခြင်းငှါ၊ ဘုရားသခင်ကို ချစ်သော အကျွန်ုပ်အားပေးမည်ဟုဂန်ခံတော်မူသော၊နိုင်ငံတော်၏ အမွေခံဖြစ်သည်။

၅၇) ယာကုပ် ၂း၈ ။ ။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့် အမျှ ချစ်လော့ဟု ကျမ်းစာ၌ပါသော ရွှေပညတ်တော်ကို၊ အကျွန်ုပ်သည် စောင့်ရှောက်သောကြောင့်၊ ကောင်းသောအကျင့်ကို ကျင့်ရာသို့ရောက်၏။

၅၈) ၁ပေ ၁း၈ ။ ။ ကျွန်ုပ်သည် ယေရှုကိုချစ်၍၊ ပြော၍ မမှီ နိုင်သော ရွှင်လန်းခြင်း စိတ် နှင့် ဝမ်းမြောက်သည်။

၅၉) ၁ပေ ၁း၂၂ ။ ။ ညီအစ်ကိုများကို ချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်း အလိုငှါ၊ စိတ်ထဲမှာသမ္မာတရားကို နားထောင်လျက်၊ ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီးသည် နှင့်အညီ၊ စင်ကြယ်သောစိတ်နှင့် အချင်းချင်း အားကြီးသော ချစ်ခြင်း မေတ္တာရှိသည်။

၆၀) ၁ ယော ၂း၁၀ ။ ။ မိမိ၏ညီအစ်ကိုများ ကို ချစ်သော အကျွန်ုပ်သည်၊ အလင်း၌ တည်သည်။ ထိမိ၍ လဲစရာ အကြောင်းသည် အကျွန်ုပ်၌ မရှိ။

၆၁) ၁ ယော ၂း၁၅ ။ ။ လောကကိုငှင်း၊ လောက၌ ရှိသော အရာတို့ကိုငှင်း၊ အကျွန်ုပ် မချစ်ပါ။ အဘယ့်ကြောင့်ဆိုသော်၊ ခမည်းတော်ဘုရား၏ မေတ္တာတော်သည်၊ အကျွန်ုပ်၌ ရှိသည်။

၆၂) ၁ ယော ၃း၁၄ ။ ။ အကျွန်ုပ်သည် ညီအစ်ကိုချင်း တို့ကို ချစ်သော ကြောင့်၊ သေခြင်း မှ အသက်ရှင်ခြင်းသို့ ကိုယ်ကူးမြောက်သည်ကို သိရ၏။

၆၃) ၁ ယော ၃း၁၈ ။ ။ အကျွန်ုပ်သည် စကားပြောကာ မျှ အားဖြင့် သာ မချစ်ဘဲ၊ စိတ်ပါကိုယ်ရောက် ကေန်အမှန် ချစ်သည်။

၆၄) ၁ ယော ၃း၂၃ ။ ။ ဘုရားသခင်၏ ပညတ်တော်ဟူမူကား၊ အကျွန်ုပ်သည် သားတော်ယေရှုခရစ်ကို ယုံကြည်သည်။ သားတော် ပညတ်တော်မူသည့်အတိုင်း၊ အချင်းချင်း ချစ်ရမည်ဟူသော ပညတ်တော်ပေတည်း။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၆၅) ၁ ယော ၄း၇-၈ ။ ။ အကျွန်ုပ်သည် အချင်းချင်း တို့ကို ချစ်သည်။ အကြောင်းမူကား၊ ချစ်ခြင်းမေတ္တာသည် ဘုရားသခင် နှင့်စပ်ဆိုင်၏။ ချစ်တတ်သော အကျွန်ုပ်သည်ကား၊ ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူဖြစ်၏။ ဘုရားသခင်ကို သိသောသူလည်းဖြစ်၏။

၆၆) ၁ ယော ၄း၁၂-၁၆ ။ ။ အချင်းချင်း ချစ်ကြလျှင်၊ ဘုရားသခင်သည် အကျွန်ုပ် ၌တည်တော်မူ၍၊ အကျွန်ုပ်သည် ချစ်ခြင်းမေတ္တာ နှင့် ပြည့်စုံလျက် ရှိ၏။ ဘုရားသခင်သည်၊ အကျွန်ုပ်ကို ချစ်တော်မူခြင်းမေတ္တာတော်ကို၊ အကျွန်ုပ်သည် သိ၍၊ ယုံကြည်၏။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ချစ်ခြင်းမေတ္တာ၌တည်သော အကျွန်ုပ်သည်၊ ဘုရားသခင်၌ တည်၏။ ဘုရားသခင်သည်လည်း အကျွန်ုပ်၌ တည်တော်မူ၏။

၆၇) ၁ ယော ၄း၁၇ ။ ။ ထိုသို့ အကျွန်ုပ်သည်၊ ချစ်ခြင်းမေတ္တာ နှင့် ပြည့်စုံသော အားဖြင့်၊ တရားဆုံးဖြတ်တော်မူသော နေ့၌၊ ရဲရင့်ရသော အခွင့် ရှိ၏။ အကြောင်းမူကား၊ အကျွန်ုပ်သည်၊ ကိုယ်တော်၏နည်းတူ၊ ဤလောက၌ ဖြစ်ကြ၏။

၆၈) ၁ ယော ၄း၁၈-၁၉ ။ ။ ချစ်ခြင်းမေတ္တာ ရှိသော အကျွန်ုပ်သည်၊ ကြောက်ခြင်း သံဝေဂ နှင့် မပေါင်း နိုင်ရာ။ ဘုရားသခင်သည်၊ အကျွန်ုပ်ကို ရှေ့ဦးစွာ ချစ်တော်မူသောကြောင့်၊ အကျွန်ုပ်သည် ဘုရားသခင်ကို ချစ်သည်။

၆၉) ၁ ယော ၅း၁-၂ ။ ။ ခမည်းတော် ကိုချစ်သော အကျွန်ုပ်သည်၊ သားတော်ယေရှုခရစ်ကိုလည်း ချစ်တတ်သည် နှင့်အညီ၊ အကျွန်ုပ်သည် ဘုရားသခင်ကို ချစ်၍၊ ပညတ်တော်တို့ကို စောင့်လျှင်၊ ဘုရားသခင်၏ သားတို့ကို ချစ်ကြသည်ကို အကျွန်ုပ် သိ၏။

၇၀) ဗျာဒိတ် ၃း၉ ။ ။ စာတန်၏ အပေါင်း အသင်း ဝင်သူ အားလုံးတို့ကို ဘုရားသခင်သည် အကျွန်ုပ်၌ အပ်ပေးမည်။ သူတို့သည် လာ၍၊ အကျွန်ုပ်၌ ပြပ်ဝပ်စေခြင်းငှါ ၄င်း၊ ဘုရားသခင်သည် အကျွန်ုပ်ကို ချစ်သည်ဟု သိစေခြင်း ငှါ ၄င်း ပြုမည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

## တွေးခေါ်မှု အသက်တာ အပေါ် ဆင်ခြင်အောက်မေ့ခြင်း

၁) ဆာလံ ၁၃၉း ၂၊ ၁၇ ။ ။ အကျွန်ုပ် ထိုင်ခြင်း၊ ထခြင်း အရာတို့ကို သိတော်မူ၏။ အကျွန်ုပ် အကြံအစည် တို့ကို၊ အဝေးကပင် နားလည်တော်မူ၏။ အကျွန်ုပ် ၌ ကိုယ်တော်၏ အကြံအစည်တို့သည်၊ အလွန်ထူးဆန်းကြပါ၏။

၂) သုတ္တံ ၁၂း၅၊ ၂ ကော ၅း ၂၁ ။ ။ ဖြောင့်မတ်သောသူ၏ အကြံသည် ဖြောင့်၏။ အကျွန်ုပ်သည် ခရစ်တော်၌ ဖြောင့်မတ်သောသူဖြစ်၍၊ အကျွန်ုပ်၏ အတွေးအခေါ်များသည်၊ ဖြောင့်မှန်၏။

၃) သုတ္တံ ၁၆း၃ ။ ။ အကျွန်ုပ်သည်၊ ကိုယ်ပြုသော အမှုတို့ကို ထာဝရဘုရား၌ အပ်သည်။ အကျွန်ုပ်၏ အကြံအစည်တို့သည်၊ တည်ကြ၏။

၄) ယေရမိ ၂၉း၁၁ ။ ။ အကျွန်ုပ် အပေါ် ၌၊ ဘုရားသခင် ကြံစည်သော အကြံအစည် တော်တို့သည်၊ မျှော်လင့်သော အကျိုးကို ရမည် အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှါသာ၊ အကျွန်ုပ် အဖို့ ကြံစည်သော အကြံအစည် ဖြစ်ကြ၏။

၅) ၂ ကော ၁၀း၅ ။ ။ အကျွန်ုပ်သည်၊ လူတို့၏ အကြံအစည်တို့ကိုငှင်း၊ ဘုရားသခင်ကိုသိသော ပညာကို ဆီးတားသော မာန်မာန ရှိသမျှ တို့ကိုငှင်း၊ နှိမ့်ချမှောက်လှန်၍၊ ခပ်သိမ်းသော စိတ်တို့ကို ဖမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏ စကားကို နားထောင်စေ၏ ။

၆) ဟေဗြဲ ၄း၁၂ ။ ။ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည်၊ အသက်ရှင်ခြင်း၊ သန်လျက်တကာတို့ထက်ထက်ခြင်း နှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကိုငှင်း၊ အရိုးအဆစ်နှင့်ခြင်ဆီကိုငှင်း၊ ပိုင်းခြား၍ ထုတ်ခြင်းခွင်းတတ်၏။ စိတ်နှလုံး အကြံအစည်များကိုလည်း သိမြင်တတ်၏။

၇) ဖိလိပ္ပိ ၄း၈ ။ ။ အကျွန်ုပ်သည်၊ သမ္မာတရားနှင့်ဆိုင်သော အကျင့်၊ လျောက်ပတ်သော အကျင့်၊ ဖြောင့်မတ်သော အကျင့်၊ စင်ကြယ်သော အကျင့်၊ သူတစ်ပါး နှစ်သက်ဖွယ်သော အကျင့်၊ ချီးမွမ်းဖွယ်သော အကျင့် ရှိသမျှတို့ကိုငှင်း၊ ပါရမီတစ်ပါးပါး၊ ကောင်းသော သိတင်းတစ်ပါးပါး နှင့် ဆိုင်သော အကျင့်တို့ကိုငှင်း၊ နှလုံးသွင်းသည်။

၈) ဟေရှာ ၂၆း၃ ။ ။ စိတ်နှလုံးတည်ကြည်သော အကျွန်ုပ်သည်၊ ကိုယ်တော်ကို ခိုလှုံသောကြောင့်၊ ငြိမ်သက်ခြင်း သက်သက်ရှိမည် အကြောင်း၊ စောင့်ရှောက်တော်မူလိမ့်မည်။

၉) ဟေဗြဲ ၈း၁၀ ။ ။ ထာဝရဘုရားသည်၊ သူ၏ ပညတ်တို့ကို၊ အကျွန်ုပ်၏ စိတ်နှလုံးထဲသို့ သွင်းမည်။ အကျွန်ုပ်၏ နှလုံးပေါ်မှာ ရေးထားမည်။ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားဖြစ်သည်။ အကျွန်ုပ်သည် လည်း၊ ကိုယ်တော်၏လူဖြစ်၏။

၁၀) ဟေဗြဲ ၁၀း၁၆ ။ ။ ထာဝရဘုရားသည်၊ သူ၏ ပညတ်တို့ကို၊ အကျွန်ုပ်၏ နှလုံးထဲမှာ ပေးသွင်းသည်။ အကျွန်ုပ် စိတ်ဝိညာဉ်၏ အပေါ်မှာ ရေးထား၏။

၁၁) ၁ပေ ၁း၁၃ ။ ။ အကျွန်ုပ်၏ စိတ်နှလုံးကို ခါးပန်းစည်းသည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၁၂) ၁ ပေ ၄း၁ ။ ။ အကျွန်ုပ်သည် ခရစ်တော်၏ စိတ်သဘော နှင့် လက်နက်တပ်ဆင်သည်။

၁၃) ဖိလိပ္ပိ ၄း၇ ။ ။ အဘယ်သူမျှ ကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည်၊ ယေရှုခရစ်အားဖြင့်၊ အကျွန်ုပ် ၏စိတ်နှလုံးကို စောင့်မလိမ့်မည်။

၁၄) ရောမ ၇း၂၅ ။ ။ စိတ်ဝိညာဉ်အားဖြင့်၊ ဘုရားသခင်၏ တရားတော် အလိုသို့. အကျွန်ုပ် လိုက်တတ်၏။

၁၅) ရောမ ၁၂း၂ ။ ။ အကျွန်ုပ်သည် လောကီ ပုံသဏ္ဍာန်ကိုမဆောင်ပါ။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သော အရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည် အကြောင်း၊ အကျွန်ုပ်သည် စိတ်နှလုံးကို အသစ်ပြင်ဆင်၍၊ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့. ရောက်သူ ဖြစ်၏။

၁၆) ရောမ ၈း ၅-၆ ။ ။ ဝိညာဉ်ပကတိ ရှိသော အကျွန်ုပ် မူကား၊ ဝိညာဉ် ပကတိနှင့်စပ်ဆိုင်သော အရာတို.ကို၊ စွဲလမ်းသော စိတ်သဘောရှိ၏။ ဝိညာဉ်ပကတိစိတ်သဘောရှိသော အကျွန်ုပ်သည်၊ အသက်ရှင်ခြင်း အကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်းရှိ၏။

၁၇) ရောမ ၁၁း၃၄ ၊ ၁ကော ၂း၁၆ ။ ။ အကျွန်ုပ်သည် ခရစ်တော်၏ စိတ်ကိုခံရသောသူဖြစ်သောကြောင့်၊ ခရစ်တော်၏ စိတ်သဘောကိုသိသည်။

၁၈) ဖေက် ၄း၂၃ ။ ။ အကျွန်ုပ်သည် လူဟောင်းကိုချွတ်ပယ်၍ ၊ စိတ်နှလုံးသဘောသစ်ကို ရသောသူဖြစ်၏။

၁၉) ဖိလိပ္ပိ ၂း၅ ။ ။ နှိမ့်ချတတ်သော ခရစ်တော်၏ စိတ်သဘော ကို၊ အကျွန်ုပ်၌ ရှိစေသည်။

၂၀) ၂ ပေ ၃း၂ ။ ။ ဘုရားသခင်၏ အစေခံများ ပြောခဲ့သော စကားတို.ကို၊ အကျွန်ုပ် သတိရ အောက်မေ့သည်။

၂၁) ၂တိ ၁း၇ ။ ။ ဘုရားသခင်သည် ကြောက်တတ်သော စိတ်သဘောကို၊ အကျွန်ုပ်အားပေးတော်မူသည် မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်သဘောကို ပေးတော်မူ၏။

၂၂) ကောလောသဲ ၃း၂ ။ ။ အကျွန်ုပ်သည်၊ မြေကြီး ပေါ်၌ ရှိသော အရာတို.ကို၊ စွဲလမ်းသောစိတ်မရှိ ၊ အထက်အရာ တို.ကို စိတ်စွဲလမ်းခြင်း ရှိ၏။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

## ကျန်းမာခြင်း နှင့် အနာငြိမ်း ခြင်း အတွက် ဆင်ခြင်အောက်မေ့ခြင်း

၁) ထွက်မြောက်ရာ ၁၅း၂၆ ။ ။ အကျွန်ုပ်သည်၊ ဘုရာသခင်၏ စကားကို စေ့စေ့နားထောင်၍၊ နှစ်သက်တော်မူသော အကျင့်ကို ကျင့်လျှင်၄င်း၊ ပညတ်တရားတော်အလိုသို့ လိုက်၍၊ စီရင်တော်မူချက်တို့ကို စောင့်ရှောက်လျှင်၄င်း၊ ကိုယ်တော်သည် အနာရောဂါတစ်စုံတစ်ခုကိုမျှ အကျွန်ုပ်၌ မစွဲစေဘဲ၊ အကျွန်ုပ်၏ ရောဂါကိုငြိမ်းစေသောထာဝရဘုရား ဖြစ်သည်။

၂) ထွက်မြောက်ရာ ၂၃း၂၅ ။ ။ အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား ကို ဝတ်ပြုသည်။ အကျွန်ုပ်၏ မုန့်ကို၄င်း၊ ရေကို၄င်း၊ ကောင်းကြီးပေးတော်မူသည်။ အနာရောဂါကိုလည်း၊ အကျွန်ုပ်၏ အထဲက နှုတ်ယူပယ်ရှားတော်မူသည်။

၃) တရားဟောရာ ၅း၃၃ ။ ။ အကျွန်ုပ်ဝင်စားလတံ့သော ပြည်၌၊ အကျွန်ုပ်သည် သေဘေး လွတ်လျက် ချမ်းသာရ၍၊ အသက်တာရှည်မည်အကြောင်း၊ အကျွန်ုပ်၏ဘုရားသခင်ထာဝရဘုရားမှာထားတော်မူသော၊ လမ်းအပေါင်းတို့၌ လျှောက်သွားမည်။

၄) တရားဟောရာ ၇း၁၃-၁၅ ။ ။ အကျွန်ုပ်ကို ချစ်သဖြင့်၊ ကောင်းကြီးပေး၍၊ များပြားစေတော်မူသည်။ ကိုယ်တော်သည်၊ အကျွန်ုပ်၏ သားသမီးများ နှင့် ပိုင်ဆိုင်မှု များ ကို ကောင်းကြီးပေးသည်။ ထာဝရဘုရားသည်လည်း၊ အနာရောဂါရှိသမျှတို့ကို၊ အကျွန်ုပ်ဆီက ပယ်ရှား၍၊ လောက ၌ တည်ရှိသော မည်သည့်အနာရောဂါကို မဆို၊ အကျွန်ုပ်၌ မသက်ရောက်စေပါ။

၅) တရားဟောရာ ၂၈း၁-၁၄ ၊ ဂလာတိ ၃း၁၃ ။ ။ အကျွန်ုပ်၏ ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို စေ့စေ့နားထောင်လျှင်၊ အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရားသည်၊ လူမျိုးတကာတို့ထက် အကျွန်ုပ်ကို ချီးမြှောက်တော်မူမည်။ အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၏ စကားတော်ကို နားထောင်လျှင် အကျွန်ုပ် အပေါ်မှာသက်ရောက်လတံ့သော ကောင်းကြီးမင်္ဂလာများ ဟူမူကား၊ အကျွန်ုပ်သည် မြို့၌၊ မင်္ဂလာ ရှိလိမ့်မည်။ တော၌မင်္ဂလာ ရှိလိမ့်မည်။ သားသမီးအားဖြင့် ၄င်း၊ မြေအသီးအနှံအားဖြင့်၄င်း၊ တိရစ္ဆာန် ဖွားသော သားငယ်အားဖြင့်၄င်း၊ သိုးနွား အစီးအပွားအားဖြင့်၄င်း၊ မင်္ဂလာရှိလိမ့်မည်။ ခြင်တောင်း၌၄င်း၊ မုန့်နယ်သော ခွက်၌၄င်း၊ မင်္ဂလာရှိလိမ့်မည်။ အကျွန်ုပ်အိမ်ထဲသို့ဝင်သောအခါ၊ မင်္ဂလာရှိလိမ့်မည်။ ပြင်သို့ထွက်သောအခါ မင်္ဂလာရှိလိမ့်မည်။ အကျွန်ုပ် တဘက်၌ ထသော ရန်သူတို့ကို၊အကျွန်ုပ်မျက်မှောက်၌ ထာဝရဘုရားသည်၊ဒဏ်ခံစေတော်မူမည်။ သူတို့သည်တစ်လမ်းတည်းဖြင့်၊ အကျွန်ုပ်ရှိရာသို့လာသော်လည်း၊ လမ်းခုနစ်သွယ်ဖြင့် အကျွန်ုပ်ရှေ့မှ ပြေးကြလိမ့်မည်။

အကျွန်ုပ်၏ ဘဏ္ဍာတိုက်၌၄င်း၊ အကျွန်ုပ်ပြုလေရာ၌၄င်း၊ ထာဝရဘုရားသည် အကျွန်ုပ်အပေါ်မှာ မင်္ဂလာရောက်စေခြင်းငှါ ပြုတော်မူမည်။ အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရားပေးတော်မူသော ပြည်၌ အကျွန်ုပ်ကိုကောင်းကြီးမင်္ဂလာပေးတော်မူမည်။ အကျွန်ုပ်သည် အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၏ ပညတ်တော်တို့ကိုစောင့်၍၊ လမ်းတော်သို့လိုက်လျှင်၊ ထာဝရဘုရားကျိန်ဆိုသည်အတိုင်း၊ အကျွန်ုပ် ကိုကိုယ်တော်အဘို့ သန့်ရှင်းသော အမျိုး အစဉ်အမြဲ ဖြစ်စေတော်မူမည်။ အကျွန်ုပ်သည် ထာဝရဘုရား၏ နာမတော်ဖြင့်၊ ခေါ်ဝေါ်သမုတ်ခြင်းကို ခံရသည်ဟု၊လူမျိုးခပ်သိမ်းတို့သည်၊ သိမြင်၍၊ အကျွန်ုပ် ကိုကြောက်ရွံ့ကြလိမ့်မည်။ ထာဝရဘုရားသည် အကျွန်ုပ် အားပေးခြင်းငှါ၊ ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်၌၊ ဥစ္စာပစ္စည်း၊ သားသမီး၊ တိရစ္ဆာန် အတိုးအပွား၊ မြေအသီး အနှံများကိုကြွယ်ဝစေတော်မူမည်။ ထာဝရဘုရားသည်၊ အချိန်တန်မှ အကျွန်ုပ် ၏ပြည်၌ မိုးရွာစေခြင်းငှါ ၄င်း၊ အကျွန်ုပ်ပြုလေရာရာ၌၊ ကောင်းကြီးပေးခြင်းငှါ၄င်း၊ ဘဏ္ဍာတော်တိုက်တည်းဟူသော မိုးကောင်းကင်ကို

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

ဖွင့်တော်မူမည်။ အကျွန်ုပ်သည် လူမျိုးများတို့အား၊ ချေးငှားရသောအခွင့် ရှိလိမ့်မည်။ သူတို့သည် အကျွန်ုပ်အားချေးငှားရသော အခွင့် မရှိရ။ ထာဝရဘုရားသည် အကျွန်ုပ်ကို အမြီး မဖြစ်စေဘဲ ခေါင်းဖြစ်စေတော်မူသဖြင့်၊ အကျွန်ုပ်သည်အောက်၌ မနေရဘဲ၊ အပေါ်၌သာ နေရသော အခွင့်ရှိလိမ့်မည်။ ယနေ့ကိုယ်တော် ဆင့်ဆိုသော စကားတော်လမ်းမှထွက်၍၊ လက်ျာဘက်၊ လက်ဝဲဘက်သို့မလွှဲ၊ အခြားတစ်ပါးသော ဘုရားနောက်သို့ လိုက်၍၊ ဝတ်မပြုဘဲ နေလျှင်ငှင်း၊ ထိုသို့သော ကျေးဇူးတော်ကိုခံရလိမ့်မည်။ ခရစ်တော်သည် အကျွန်ုပ်အတွက်ကြောင့်၊ ကျိန်ခြင်းကိုခံရသောသူဖြစ်၍၊ နာမကျန်းခြင်း၊ ဆင်းရဲခြင်း၊ သေခြင်း ကိုယူဆောင်ခဲ့ပြီးဖြစ်သည်။ အကျွန်ုပ်ကို ပညတ်တရား၏ ကျိန်ခြင်းမှ ရွေးနုတ်တော်မူပြီ။

၆) ဆာလံ ၃၄း၂၀ ။ ။ အကျွန်ုပ်၏ အရိုးရှိသမျှတို့ကို စောင့်တော်မူသည်ဖြစ်၍၊ တစ်ချောင်းမျှ မကျိုးမပဲ့ရ။

၇) ဆာလံ ၄၂း၁၁ ။ ။ အကျွန်ုပ်ကိုကယ်တင်တော်မူသောအရှင်၊ အကျွန်ုပ်ကိုးကွယ်သော ဘုရားသခင်၏ ကျေးဇူးတော်ကို အကျွန်ုပ်ချီးမွမ်း ထောမနာ ပြုရလေအံ့သတည်း။

၈) ဆာလံ ၄၉း၁၅ ၊ ၉ ။ ။ အကျွန်ုပ်ကိုမူကား၊ ဘုရားသခင်သိမ်းယူတော်မူသောကြောင့်၊ အကျွန်ုပ်၏ ဝိညာဉ်ကို မရဏာ နိုင်ငံ ၏တန်ခိုးမှ၊ ရွေးတော်မူမည်။ ရွေးလျှင် အစဉ်အမြဲ အသက်ရှင်ရာ၏။

၉) ဆာလံ ၆၃း ၃ ၊ ၅ ။ ။ ကရုဏာတော်သည်၊ အသက်ထက် သာ၍ ကောင်းသောကြောင့်၊ အကျွန်ုပ်၏ နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းရပါမည်။ ဆီဥကိုငှင်း၊ ဆူသော အသားကိုငှင်း၊ စား၍ ဝသကဲ့သို့၊ အကျွန်ုပ်၏ ဝိညာဉ်သည် ဝ၍ ရွှင်လန်းသော နှုတ်ခမ်း နှင့် အကျွန်ုပ်၏ နှုတ်သည် ကိုယ်တော်ကိုချီးမွမ်းပါမည်။

၁၀) ဆာလံ ၁၀၃း၂-၃ ၊ ၆၈း၁၉ ။ ။ အိုငါ့ဝိညာဉ် ထာဝရဘုရားကို ကောင်းကြီးပေးလော့၊ ကျေးဇူးတော်အပေါင်းကိုမမေ့မလျော့နှင့်။ အကျွန်ုပ်၏ အပြစ် အလုံးစုံတို့ကိုဖြေလွှတ်၍၊ အကျွန်ုပ်၏ အနာ ရောဂါ ရှိသမျှ တို့ကိုလည်း ပျောက်စေတော်မူ၏။ နေ့ရက်အစဉ်အတိုင်း ကောင်းသောအကျိုး နှင့်ဖြည့်ပေးတော်မူပြီ။

၁၁) ဆာလံ ၁၀၅း၃၇ ။ ။ အကျွန်ုပ်၏ မိသားစု ၌၊ အားနည်းသောသူ တစ်ယောက်မျှ မရှိ။

၁၂) သုတ္တံ ၁၆း ၂၄ ။ ။ သာယာသောစကားတို့သည်၊ အကျွန်ုပ်၏ နှုတ်၌ အစဉ်အမြဲ ရှိ၍၊ ပျားလပို့ကဲ့သို့ဖြစ်သည်။ စိတ်ဝိညာဉ်၌ ချိုမြိန်လျက်၊ အကျွန်ုပ် အရိုးကို ကျန်းမာစေလျက် ရှိကြ၏။

၁၃) ဆာလံ ၉၁ ။ ။ အမြင့်ဆုံးသော ဘုရား၏ ကွယ်ကာရာ ဌာနတော်၌ နေသောအကျွန်ုပ် သည်၊ အနန္တ တန်ခိုးရှင်၏ အရိပ်ကို ခိုလှုံ ရလိမ့်မည်။ ထာဝရဘုရားသည် အကျွန်ုပ် ခိုလှုံရာ၊ အကျွန်ုပ်၏ ရဲတိုက်၊ အကျွန်ုပ်ကိုးစားသော ဘုရားသခင်ဖြစ်တော်မူသည်ဟု အကျွန်ုပ်ပြောဆို၏။ အကယ်စင်စစ် မုဆိုး၏ ကျော့ကွင်းနှင့်ငှင်း၊ သေတတ်သောအနာနှင့်ငှင်း၊အကျွန်ုပ်ကိုကင်းလွတ်စေတော်မူမည်။ အတောင်တော်အမွေး နှင့် ဖုံးအုပ် တော်မူ၍၊ အတောင်တော်အောက်၌၊ အကျွန်ုပ် သည် လုံခြုံစွာ နေရလိမ့်မည်။ သစ္စာတော်သည်၊ အကျွန်ုပ်၏ ဒိုင်းလွှားဖြစ်လိမ့်မည်။ ညဥ့်အခါ ဖြစ်တတ်သော ဘေးကိုငှင်း၊ နေ့အချိန်၌ ပစ်သော မြှားကိုငှင်း၊ မှောင်မိုက်ထဲမှာ လည်တတ်သော ကာလနာကိုငှင်း၊ မွန်းတည့်ချိန်၌ ဖျက်ဆီးတတ်သော ဥပဒ်ကိုငှင်း၊ အကျွန်ုပ်သည် မကြောက်ရ။ အကျွန်ုပ်၏ အနားမှာ လူတစ်ထောင်၊ အကျွန်ုပ်၏ လက်ျာဘက်မှာ လူတစ်သောင်းလဲသော်လည်း၊ အကျွန်ုပ်ကို မထိမခိုက်ရ။ အကျွန်ုပ်သည် ကိုယ်မျက်စိနှင့်ကြည့်၍၊ မတရားသောသူတို့၌၊ ရောက်ရသော အပြစ်ကို မြင်ရုံမျှသာ ရှိလိမ့်မည်။ ထာဝရဘုရားသည် အကျွန်ုပ် ခိုလှုံရာ

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

ဖြစ်တော်မူ၏ ဟု အကျွန်ုပ်သည် ဆို၍၊ အမြင့်ဆုံးသော ဘုရား၌ နေရာကျသောကြောင့်၊ အကျွန်ုပ်၌ မကောင်းသော အနိဋ္ဌရုပ် မကပ်မရောက်။ အကျွန်ုပ် နေရာသို. ဘေးဥပဒ် မချဉ်းရ။ သွားလေရာရာ၌၊ အကျွန်ုပ်ကို စောင့်ရှောက်စေခြင်းငှါ၊ ကောင်းကင်တမန်တို.အား အကျွန်ုပ်အဖို.မှာထားတော်မူသည်ဖြစ်၍၊ အကျွန်ုပ်၏ ခြေကိုကျောက်နှင့် မထိမခိုက်စေခြင်းငှါ၊ သူတို.သည် အကျွန်ုပ်ကို လက်နှင့် မစ ချီပင့်ကြလိမ့်မည်။ အကျွန်ုပ်သည် ခြင်္သေ့ နှင့် မြေဆိုးအပေါ် မှာ ကျော်သွား၍၊ ခြင်္သေ့ပျို နှင့် နဂါးတို.ကို ခြေဖြင့် ကျော်နင်းလိမ့်မည်။  အကျွန်ုပ်သည် ကိုယ်တော့်ကို ချစ်သောကြောင့်၊ ကိုယ်တော်သည် အကျွန်ုပ်ကို ကယ်နှုတ်မည်။ ကိုယ်တော်၏ နာမကိုသိသောကြောင့်၊ အကျွန်ုပ်ကို ချီးမြှောက်မည်။ အကျွန်ုပ်သည် ကိုယ်တော်ကို ခေါ်သောအခါ၊ ကိုယ်တော်ထူးမည်။ ဒုက္ခ ခံရသော အခါ အကျွန်ုပ်ဘက်မှာ ကိုယ်တော်သည် နေ၍၊ ချမ်းသာပေးမည်။ အကျွန်ုပ်၏ ဘုန်းကိုလည်းထင်ရှားစေမည်။ ရှည်သော အသက်နှင့် အကျွန်ုပ်ကို ရောင့်ရဲစေ၍၊ ကိုယ်တော်၏ ကယ်တင်ခြင်းကျေးဇူးကို အကျွနုပ်အားပြမည်။

၁၄) ဆာလံ ၁၀၇း ၂၀ ။  ။ နှုတ်ကပတ်တော်ကို လွှတ်သဖြင့်၊ အကျွန်ုပ် အနာကိုငြိမ်းစေ၍၊ ဖျက်ဆီးခြင်း အရာများထဲက နှုတ်ယူတော်မူ၏။

၁၅) ဆာလံ ၁၁၈း ၂၅ ။  ။ ဘုရားသခင်သည် အကျွန်ုပ်ကိုကယ်တင်သည်၊ အနာငြိမ်းခြင်းပေးသည်၊ ကြွယ်ဝခြင်း ကောင်းကြီးမင်္ဂလာကိုပေးတော်မူသည်။

၁၆) ဆာလံ ၁၁၉း ၂၅ ၊ ၂၈ ။  ။ အကျွန်ုပ်အသက်တာကို နှုတ်ကပတ်တော်အတိုင်း အသက်ရှင်စေတော်မူပါ။ နှုတ်ကပတ်တော်အတိုင်း တည်ကြည်စေတော်မူပါ။

၁၇) ဆာလံ ၁၁၉း ၈၈ ။  ။ ကရုဏာတော်ရှိသည့်အတိုင်း၊ အကျွန်ုပ်ကို အသက်ရှင်စေတော်မူပါ။ နှုတ်တော်ထွက် ဗျာဒိတ်တော်ကိုစောင့်ပါမည်။

၁၈) ဆာလံ ၁၁၉း ၁၁၆ ။  ။ အကျွန်ုပ်သည် အသက်ရှင်ပါမည်အကြောင်း၊ မိန့်.တော်မူချက် အတိုင်း ထောက်မတော်မူပါ။

၁၉) သုတ္တံ ၃း၁ ၊၂၊ ၇ ၊၈၊ ၂၄ ။  ။ အကျွန်ုပ်၏ နှလုံးသည်၊ ကိုယ်တော်၏ ပညတ်တော်များကိုစောင့်ရှောက်သောကြောင့်၊ အသက်တာရှည်သော ကာလနှစ်ပေါင်းများကိုငှ်း၊ ငြိမ်ဝပ်ခြင်းကိုငှ်း၊ တိုးပွားစေလိမ့်မည်။ ထာဝရဘုရားကိုကြောက်ရွံ့.၍၊ ဒုစရိုက်လမ်း မှလွှဲရှောင်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည်၊ အကျွန်ုပ်၏ ကိုယ်ကာယအတွက် ကျန်းမာခြင်း၊ အရိုးတို.အတွက်ခွန်အားသတ္တိ ကိုဖြစ်စေ၏။ အိပ်သောအခါ၊ ကြောက်စရာ မရှိရ။ ကောင်းမွန်စွာ အိပ်ပျော်ရလိမ့်မည်။

၂၀) သုတ္တံ ၄း၁၀ ၊ ၁၃ ။  ။ အကျွန်ုပ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုကြား၍၊ နားထောင် နာယူသောကြောင့်၊ အသက်တာရှည်သည်။ ထာဝရဘုရား၏ ဥပဒေသ ကိုကိုင်ဆွဲ၍  လက်မလွှတ်ပါ။ ထို အရာတို.သည်၊ အကျွန်ုပ် အသက်ရှင်ခြင်းအကြောင်းဖြစ်၏။

၂၁) သုတ္တံ ၄း၂၀-၂၂ ။  ။ ထာဝရဘုရားမိန့်.တော်မူသော အရာတို.ကို နားထောင်၍၊ ဟောပြောချက်တို.ကို နား၌ သွင်းထားသည်။ အကျွန်ုပ်မျက်မှောက်မှ မကွာစေ၍၊ နှလုံးတွင်း ၌ စောင့်ထားသည်။ အကြောင်းမူကား၊ ထိုအရာတို.သည် အသက်ရှင်ခြင်း အကြောင်းနှင့် တစ်ကိုယ်လုံး ကျန်းမာခြင်း အကြောင်းကိုဖြစ်စေ၏။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၂၂) သုတ္တံ ၁၀း ၂၇ ၊ ၄း ၂၃ ။   ။ အကျွန်ုပ်သည် ထာဝရဘုရားကိုကြောက်ရွံ့၍ ၊ အသက်တာ ရှည်သည်။ နှလုံးသည် အသက်၏ အခြေအမြစ် ဖြစ်သောကြောင့်၊ အကျွန်ုပ်၏ နှလုံးကို အထူးသဖြင့် စောင့်ရှောက်သည်။

၂၃) သုတ္တံ ၁၁း၃၀ ၊ ၁၂း၁၈ ၊၂၈ ။   ။ အကျွန်ုပ်၏ အသီးသည်၊ အသက်ပင်အသီးဖြစ်၏၊ အကျွန်ုပ်၏လျှာသည်၊ အနာကိုပျောက်စေ၏။ ဖြောင့်မတ်ခြင်း တရားလမ်းထဲ၌ အကျွန်ုပ် လျှောက်သည်။ ထိုလမ်း၌ သေဘေးမရှိ။ အသက်ချမ်းသာလမ်းဖြစ်၏။

၂၄) သုတ္တံ ၁၃း၁၂ ၊ ၁၄း၂၇ ၊၃၀ ။   ။ အကျွန်ုပ်ဆန္ဒသည်၊ ကိုယ်တော်အတွက်သာဖြစ်၍၊ ထိုအရာသည် အသက်ပင်ဖြစ်၏။ အကျွန်ုပ်သည် ထာဝရဘုရားကိုကြောက်ရွံ့၍၊ အသက်စမ်းရေတွင်းကဲ့သို့ဖြစ်၏။ အကျွန်ုပ်၌ ကျန်းမာသော နှလုံး ရှိ၍၊ ထိုနှလုံးသည် အကျွန်ုပ် ကိုယ်ခန္ဓာနှင့်အသက်ဖြစ်၏။

၂၅) သုတ္တံ ၁၇း ၂၂ ၊ ၁၈း ၂၀ ၊၂၁ ။   ။ အကျွန်ုပ်၌ ရွှင်လန်းသော စိတ်နှလုံးရှိ၍ ၊ ကျန်းမာခြင်း ဖြစ်စေ၏။ အကျွန်ုပ် နှုတ်၏ အသီးနှင့် ဝမ်းပြည့်ရ၏။ မိမိ နှုတ်ခမ်းတို့၏ စီးပွား နှင့်ဝရ၏။

၂၆) သုတ္တံ ၂၁း၂၁ ။   ။ ဖြောင့်မတ်ခြင်း တရားနှင့် ကရုဏာ တရားကို ရှာသော အကျွန်ုပ်သည်၊ အသက်ရှင်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ဂုဏ်အသရေထင်ရှားခြင်းကိုတွေ့ရ၏။

၂၇) ဟေရှာ ၅၃း ၄-၅ ။   ။ သခင်ယေရှုသည်၊ အကျွန်ုပ် အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ အကျွန်ုပ် အတွက်ကြောင့်၊ ဒဏ်ခတ်တော်မူခြင်းကိုငှင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုငှင်း၊ ခံရသောသူဖြစ်သည်။ အကျွန်ုပ်လွန်ကျူးခြင်း အပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ အကျွန်ုပ်၏ ငြိမ်သက်ခြင်း ချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည်၊ ကိုယ်တော့်အပေါ်သို့ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့်၊ အကျွန်ုပ်သည် အနာပျောက်လျက်ရှိ၏။

၂၈) မဿဲ ၈း၁၇ ၊ ၁ယော ၃း၈ ၊ တမန် ၁၀း၃၈ ။   ။ သခင်ယေရှုသည်၊ အကျွန်ုပ် ၏ အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေသောကြောင့် အကျွန်ုပ်သည် ကျန်းမာ၍ ဖျားနာခြင်း နှင့် ကာယပိုင်းဆိုင်ရာ အားနည်းခြင်း လုံးဝမရှိပါ။ မာရ်နတ်၏ အမှုတို့ကို ပယ်ဖျက်ခြင်းဖြစ်၍၊ ထိုအရာတို့သည်၊ အနာရောဂါ၊ဖျားနာခြင်း၊ကာယပိုင်းဆိုင်ရာ ချို့တဲ့ခြင်းတို့ဖြစ်သည်။ အကျွန်ုပ်၏ ကိုယ်ခန္ဓာ၌ မာရ်နတ်လုပ်ဆောင်သောလုပ်ဆောင်ချက်မှန်သမျှကို ချိုးဖျက်၍၊ အကျွန်ုပ်သည် သခင်ယေရှု ၌၊ ပြီးပြည့်စုံသော ကျန်းမာခြင်းရှိသည်။

၂၉) မဿဲ ၆း၁၀ ၊ ဂလာတိ ၂း၂၀ ၊ ၁ ယော ၄း၁၇ ။   ။ ဘုရားသခင်၏ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌ လည်း ပြည့်စုံသည်။ ကောင်းကင်ဘုံ၌ ဖျားနာခြင်း မရှိသကဲ့သို့၊ ကျွန်ုပ်သည် မြေကြီးပေါ်၌ ဖျားနာခြင်း မရှိပါ။ သခင်ယေရှုသည် မြေကြီးပေါ်တွင် ဖျားနာခဲ့ခြင်းမရှိပါ။ သခင်ယေရှုသည် အကျွန်ုပ် အထဲ၌ ရှိ နေ၍၊ သူ၏ အသက်သည် အကျွန်ုပ် အထဲ၌ စီးဆင်းနေသည်။ အကျွန်ုပ်သည်၊ ကိုယ်တော်၏နည်းတူ ဤလောက၌ဖြစ်၏။ သခင်ယေရှုသည် မြေကြီးပေါ်တွင် ကျန်း မာ ခြင်း ရှိသကဲ့သို့၊ အကျွန်ုပ်သည်လည်း၊ ကျန်းမာခြင်း ရှိသည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၃၀) မဿဲ ၁၂း၃၇ ၊ ဟေဗြဲ ၁၂း၂ ၊ ၂ပေ ၁း၁ ၊၄ ၊ မဿဲ ၁၇း၂၀ ၊ ၁၀း၁ ၊ မာကု ၁၆း၁၈ ။   ။ အကျွန်ုပ်၏ စကားများဖြင့်၊ ဖြောင့်မတ်ခြင်းကိုခံရသည်။ သခင်ယေရှု ခရစ်တော်၏ ယုံကြည်ခြင်း သည်၊ အကျွန်ုပ် အထဲ၌ ရှိ၍ ၊ ထိုသခင်သည်၊ အကျွန်ုပ်၏ ယုံကြည်ခြင်းကို စေ့စပ်စုံလင်စေသောသူဖြစ်၏။ တောင်ကဲ့သို့သော ဖျားနာခြင်း ရောဂါဝေဒနာများ သည် အကျွန်ုပ်၏ စကားကိုနာခံ၍၊ ထွက်ခွာသွားကြသည်။ ထိုအနာရောဂါ ရှိသမျှသော အရာအားလုံးတို့အပေါ်၌၊ အကျွန်ုပ်၏ အခွင့်အာဏာ နှင့် တန်ခိုးရှိသည်။ ထိုအရာတို့ကို နှင်ထုတ်သည့်အခါ၊ ၄င်းတို့သည် အကျွန်ုပ်စကားကိုနာခံ၍၊ ထွက်သွားကြသည်။ နာမကျန်းသောသူတို့အပေါ်၌၊ လက်ကိုတင်သောအခါ၊ ကျန်းမာခြင်းရရှိလာသည်။

၃၁) မာကု ၉း၂၃ ၊ ၂ ကော ၁း၁၉-၂၀ ။   ။ အကျွန်ုပ်သည် ဘုရားသခင်ကို ယုံကြည်သောကြောင့်၊ ခပ်သိမ်းသောအရာအလုံးစုံတို့ကို တတ်စွမ်းနိုင်သည်။ ခရစ်တော်သည်၊ ထိုအရာ အလုံးစုံတို့အတွက် အဖိုးအခ ပေးတော်မူသည့် အတွက်ကြောင့်၊ ကိုယ်တော်၏ ကတိတော်အလုံးစုံတို့သည်၊ အကျွန်ုပ် အတွက်၊ ဟုတ်မှန်၏ ဟူ၍သာ ဖြစ်သည်။

၃၂) မာကု ၁၁း၂၃-၂၄ ။   ။ အကျွန်ုပ်ပြောသမျှသော အရာအားလုံးတို့သည်၊ ပြည့်စုံလာ၍၊ ထိုအရာတို့ကို အကျွန်ုပ် ရရှိပိုင်ဆိုင်ကြောင်း ကိုယုံကြည်သည်။ အကျွန်ုပ်ဆန္ဒ ရှိသမျှ အရာအားလုံး အတွက် အကျွန်ုပ် ဆုတောင်းသောအခါ၊ အကျွန်ုပ်သည် ထိုအရာတို့ကို လက်ခံရရှိသည်ဟု၊ ယုံကြည်သည်။

၃၃) ယောဟန် ၁၄း၁၂-၁၄ ။   ။ ယေရှုခရစ်တော်ကို အကျွန်ုပ် ယုံကြည်၍၊ သခင်ခရစ်တော် ပြုခဲ့သမျှသော အမှု အားလုံး ကို အကျွန်ုပ်သည်လည်းဆောင်ရွက်မည်။ထို့ထက်သာ၍ ၊ ကြီးသော အမှုတို့ကိုပင် ပြု သည်။ အဘယ့်ကြောင့်ဆိုသော်၊ သခင်ယေရှုသည် ခမည်းတော်ဘုရားထံတော်သို့ သွားနှင့်ပြီး ဖြစ်သောကြောင့်ပင်ဖြစ်သည်။ သူ၏သန့်ရှင်းသော ဝိညာဉ်တော်ကိုစေလွှတ်၍၊ အကျွန်ုပ်အထဲ၌ ယခု ရှင်စေပြီး၊ အကျွန်ုပ်သည် ကိုယ်တော်၏ နာမကို အမှီပြု လျက်ဆုတောင်း သမျှအတိုင်းကိုယ်တော်ပြုသည်။ အကြောင်းမူကား၊ ခမည်းတော်သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူခြင်းရှိမည့်အကြောင်းတည်း။ သခင်ယေရှု၏ နာမကို အမှီပြု၍၊ တစ်စုံတစ်ခုကိုတောင်းသောအခါ၊ အကျွန်ုပ်တို့တောင်းသည့်အတိုင်းကိုယ်တော်ပြုမည်ဟု ပြောသည်။

၃၄) ယောဟန် ၁၅း၇ ။   ။ အကျွန်ုပ်သည်၊သခင်ယေရှု ခရစ်တော်နှင့် တည်၍၊ ကိုယ်တော်၏ စကားတော်သည် နေ့ရက်အစဉ်အတိုင်း ဆင်ခြင်အောက်မေ့ခြင်းဖြင့် တည်ပါက၊ အကျွန်ုပ်တောင်းချင်သမျှကို တောင်း၍ ရလိမ့်မည်။

၃၅) ယောဟန် ၁၆း၂၃ ၊ ၂၆ ၊ ၂၇၊ ၁၇း၂၃ ။   ။ သခင်ယေရှု၏ နာမကိုအမှီပြု၍ ခမည်းတော်မှာ ဆုတောင်းသမျှတို့ကို၊ ခမည်းတော်သည် ပေးတော်မူသည်။ ခမည်းတော်သည် သားတော်ကို ချစ်၍၊ တောင်းသမျှကိုပေးတော်မူသည်။ ခမည်းတော်ဘုရားသည်၊ သားတော်ယေရှုခရစ်ကို ချစ်တော်မူသည့်နည်းတူ၊ အကျွန်ုပ်ကိုချစ်၍၊ တောင်းသမျှကိုပေးတော်မူသည်။

၃၆) မဿဲ ၂၈း၁၈ ၊ တမန် ၃း၁၆  ။   ။ ကောင်းကင်ဘုံ၌၄င်း၊ မြေကြီးပေါ်၌၄င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိသမျှကို သခင်ယေရှုသည် ခံရ၏။ အကျွန်ုပ်သည်၊ သခင်ယေရှု၏ နာမတော် တန်ခိုးနှင့်အခွင့်အာဏာ အပေါ် ယုံကြည်သည်။ သူ၏နာမတော်အားဖြင့်၊ အကျွန်ုပ်သည်၊ စေ့စုံခြင်း အခွင့်ကို ရရှိလေပြီ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၃၇) ရောမ ၈း၁၁ ။ ။ သခင်ယေရှုကို သေခြင်းမှ ရှင်ပြန်ထမြောက်စေသော ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်သည်၊ အကျွန်ုပ်အထဲ၌ တည်နေသည်။ ခရစ်တော်ကိုသေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူသော သူသည်၊ အကျွန်ုပ်အထဲ၌ ကျိန်းဝပ်သော မိမိ ဝိညာဉ်တော်အားဖြင့်၊ သေတတ်သော အကျွန်ုပ်၏ ကိုယ်ကာယကို ရှင်စေတော်မူ၏။

၃၈) ရောမ ၁၀း၉ ၊၁၀ (save ဟူသော စကားလုံးသည်၊ sozo ဟူသော စကားလုံးမှဆင်းသက်လာ၍ အဓိပ္ပါယ်မှာ၊ "to heal" အနာငြိမ်းရန်ဖြစ်သည်။ ဥပမာ- မာကု ၅း၂၃ ၊ တမန် ၁၄း၉) - အကျွန်ုပ်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှထမြောက်စေတော်မူပြီ ဟု စိတ်နှလုံးထဲ၌၊ ယုံကြည်လျှင်၊ အကျွန်ုပ် ကျန်းမာခြင်း ရရှိသည်။ အကျွန်ုပ်၏ နှလုံးသည်၊ ကိုယ်တော်၏ဖြောင့်မတ်တော်မူခြင်းကိုယုံကြည်၍၊ အကျွန်ုပ်၏ နှုတ်အားဖြင့်၊ အနာငြိမ်းခြင်းနှင့် ကျန်းမာခြင်းကို ဝန်ခံရသည်။

၃၉) ဟေရှာ ၅၈း၈ ။ ။ အကျွန်ုပ်၏ အလင်းသည်၊ မိုးသောက်သော အလင်းကဲ့သို့ပေါ်ထွန်း၍၊ အလျင်အမြန် ကျန်းမာခြင်းသို့ရောက်လိမ့်မည်။ အကျွန်ုပ်၏ဖြောင့်မတ်ခြင်းပါရမီသည်၊ အကျွန်ုပ်ရှေ့၌သွားသည်။ ထာဝရဘုရား၏ ဘုန်းတော်သည်၊ နောက်၌လုံခြုံစေလိမ့်မည်။

၄၀) ယေရမိ ၃၃း၆ ။ ။ ဘုရားသခင်သည်၊ ကျန်းမာခြင်းနှင့် အနာငြိမ်းခြင်းကို ယူဆောင်ပေးလေသည်။ အကျွန်ုပ်သည် ကျန်းမာမည်အကြောင်း၊ မြဲသောစည်းစိမ်ချမ်းသာနှင့်ပြည့်စုံမည်အကြောင်းကို ကိုယ်တော်ဖော်ပြသည်။

၄၁) ဂလာတိ ၆း၈-၉ ။ ။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသော အကျွန်ုပ်သည်၊ ဝိညာဉ်ပကတိအားဖြင့်၊ ထာဝရအသက်ရှင်ခြင်း အသီး အနှံကိုရိတ်ရ၏။ အကျွန်ုပ်သည်၊ နေ့ရက်အစဉ်တိုင်း၊ ကျန်းမာခြင်း နှင့် အနာငြိမ်းခြင်း စကားများကို မျိုးစေ့ကြဲသော ကြောင့်၊ အကျွန်ုပ်၏ ကာယခန္ဓာ၌ ကျန်းမာခြင်းကိုနေ့စဉ် ရိတ်သိမ်းသည်။

၄၂) ဟေဗြဲ ၂း၁၄ ၊ ကောလောသဲ ၂း၁၄ ၊ ၁၅ ၊ မာကု ၁၆း ၁၇-၁၈ ။ ။ သေခြင်းတရားကို အစိုးရသောသူတည်းဟူသော၊ မာရ်နတ်၏ တန်ခိုးကို သခင်ယေရှုသည် ချိုးဖဲ့ ဖျက်ဆီးခဲ့သည်။ အကျွန်ုပ်သည်၊ သေဘေးကို ကြောက်ရွံ့ခြင်းလက်မှ လွှတ်မြောက်သည်။ သခင်ယေရှုသည်၊ အထွဋ်အမြတ် အာဏာစက်များကို လုယူလျှင်၊ ထင်ရှားစွာ ထုတ်ပြ၍၊ လက်ဝါးကပ်တိုင်တော်အားဖြင့်၊ အောင်ပွဲကို ခံတော်မူပြီ။ သခင်ယေရှု ခရစ်တော်၏ နာမတော်၌၊ အကျွန်ုပ်သည် နာမကျန်းခြင်း နှင့် နတ်ဆိုးပေါင်းတို့အပေါ်၌ အခွင့် တန်ခိုးရှိ၍၊ ၎င်းတို့ကို မောင်းထုတ်သည်။

၄၃) ယာကုပ် ၅း၁၅ ၊ ရောမ ၁၀း၈ ။ ။ အကျွန်ုပ်၏ ဆုတောင်းချက်နှင့် ယုံကြည်ခြင်း၏ပဋ္ဌနာသည်၊ လူနာကို ကယ်ဆယ်၍၊ သခင်ဘုရားသည် သူ့ကို ထမြောက်စေတော်မူမည်။ သူသည် အပြစ်ပြုမိသော်လည်း၊ ထိုအပြစ်ကိုလွှတ်တော်မူမည်။ တရားတော်သည် အကျွန်ုပ် နှင့်နီး၏ ၊ အကျွန်ုပ် ၏ နှုတ်၌ ၎င်း၊ အကျွန်ုပ်၏ နှလုံး၌၎င်း ရှိသည်ဟုဆို၏။ အကျွန်ုပ်ဟောသောယုံကြည်ခြင်းတရားကို ဆိုလိုသတည်း။

၄၄) ၁ ပေ ၂း၂၄ ။ ။ သခင်ယေရှုသည်၊ ကျွန်ုပ်၏ လွန်ကျူး ခြင်း အပြစ်များကြောင့် လက်ဝါးကပ်တိုင်ပေါ်တွင် ဒဏ်ခံတော်မူ၍၊ သူခံရသော ဒဏ်ချက်တော်အားဖြင့်၊ အကျွန်ုပ်သည် အနာပျောက်လျက်ရှိ၏။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၄၅) ၃ ယော ၂ ။ ။ ဘုရားသခင်၏ အလိုတော်ဟူမူကား၊ အကျွန်ုပ်၏ စိတ်နလုံးသည် ကောင်းစားသကဲ့သို့၊ အကျွန်ုပ်သည် အရာရာ ၌၊ ကောင်းစားခြင်းနှင့် ကျန်းမာခြင်း ရှိမည် အကြောင်းဖြစ်သည်။

၄၆) ၁ ကော ၆း ၁၉-၂၀ ၊ ဖေက် ၁း ၂၃၊ ၃း၁၉ ။ ။ အကျွန်ုပ်၏ ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော် ကျိန်းဝပ်သော ဗိမာန်တော်ဖြစ်၍၊ ဘုရားသခင်၏ ပြီးပြည့်စုံခြင်းသည်၊ အကျွန်ုပ်၌ တည်သည်။ အကျွန်ုပ်၏ ခန္ဓာ နှင့်စိတ်ဝိညာဉ်အားဖြင့်၊ ဘုရား၏ ဘုန်းကိုထင်ရှားစေသည်။

၄၇) ဖိလပ္ပိ ၄း၁၃ ။ ။ အကျွန်ုပ်ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့်၊ ခပ်သိမ်းသော အမှုတို့ကို အကျွန်ုပ် တတ်စွမ်းနိုင်၏။

၄၈) ဂလာတိ ၂း၂၀ ။ ။ အကျွန်ုပ်သည် ကိုယ်တိုင်မရှင်၊ ယခု ခရစ်တော်သည် အကျွန်ုပ်၌ ရှင်တော်မူ၏ ။

၄၉) ၁ ယော ၄း၄ ။ ။ အကျွန်ုပ်တို့ဘက်၌ ရှိသော သူသည်၊ လောက ဘက်၌ ရှိသောသူထက်၊ သာ၍ကြီးတော်မူ၏။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

## နငယ် ပျိုမြစ်ခြင်း အပေါ် ဆင်ခြင်အောက်မေ့ခြင်း

၁) တရားဟောရာ ၃၄း၇ ။ ။ မောရှေ ၏ မျက်စိသည် မမှုန်၊ ခွန်အားလည်း မလျော့သကဲ့သို့ ၊ အကျွန်ုပ်၏ မျက်စိ နှင့် ခွန်အားသည်လည်း၊ အလျှင်း မလျော့ပေ။

၂) ဆာလံ ၉၁း၁၆ ။ ။ ဘုရားသခင်သည် အကျွန်ုပ်အား ရှည်သောအသက် နှင့်ရောင့်ရဲစေ၍ ၊ ကိုယ်တော်၏ ကယ်တင်ခြင်း ကျေးဇူးကို ပြတော်မူသည်။

၃) ဟေရှာ ၃၂း၃ ၊ ဆာလံ ၁၉း၈ ။ ။ အကျွန်ုပ်၏ မျက်စိသည်၊ အလျှင်း မှုန်ခြင်း မရှိ ။ ဘုရားသခင်၏ ပညတ်တော်တို့သည် စင်ကြယ်၍ ၊ အကျွန်ုပ်၏ မျက်စိကို လင်းစေပါ၏။

၄) ရှောလမုန်သီချင်း ၄း၂ ။ ။ အကျွန်ုပ်၏သွားတို့သည်၊ အမွေးညှပ်၍၊ ရေချိုးရာမှ တက်လာသော သိုးစုကဲ့သို့ ဖြစ်ကြ၏။ တစ်ကောင်မျှ မလျော့၊ အမွှာသာ ဖွားတတ်ကြ၏။

၅) ဟေရှာ ၄၀း၂၉-၃၁ ။ ။ ဘုရားသခင်သည် မောသောသူတို့အား၊ ခွန်အားကို ပေးတော်မူ၏ ။ နွမ်းနယ်သောသူတို့အား အစွမ်းသတ္တိနှင့် ပြည့်စုံသော အခွင့်ကိုပေးတော်မူ၏။ လူပျိုတို့သည်၊ မော၍ ပင်ပန်းခြင်းသို့ရောက်ကြလိမ့်မည်။ လုလင်တို့သည်လည်း၊ ထိမိ၍ လဲကြလိမ့်မည်။ ထာဝရဘုရားကို မြော်လင့်သော အကျွန်ုပ်မူကား၊ အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ အကျွန်ုပ် အတောင်တို့ကို အသစ်ပြုပြင်ကြလိမ့်မည်။ အကျွန်ုပ်သည် ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ။

၆) ဆာလံ ၁၀၃း၅ ။ ။ အကျွန်ုပ်၏ အရွယ်သည်၊ ရွှေလင်းတ၏ အရွယ်ကဲ့သို့ ပြုပြင်ခြင်း ရှိ၏။

၇) ရောမ ၈း၁၁ ။ ။ ယေရှုကို သေခြင်းမှထမြောက်စေတော်မူသော ဘုရား၏ဝိညာဉ်တော်သည်၊ အကျွန်ုပ်အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရားသည်၊ ကျွန်ုပ်အထဲ၌ ကျိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သော အကျွန်ုပ်၏ ကိုယ်ကာယကိုပင် ရှင်စေ၏ ။

၈) ၁ ကော ၆း၁၉-၂၀ ။ ။ အကျွန်ုပ်၏ ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော် ကျိန်းဝပ်သော ဗိမာန်တော်ဖြစ်သည်။ ဘုရားပိုင်သော အကျွန်ုပ်၏ ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့်ဘုရားသခင်၏ ဘုန်းကိုထင်ရှားစေ၏။

၉) ဖိလိပ္ပိ ၁း၂၀ ။ ။ အကျွန်ုပ်၏ကိုယ်ခန္ဓာ ၌၊ ခရစ်တော်သည် အစဉ်မပြတ် ဂုဏ်အသရေတော်ထင်ရှား တော်မူသည်။

၁၀) ၂ ကော ၃း၁၈ ။ ။ ဘုရားသခင်၏ ဘုန်းအသရေတော်ကိုကြည့်မြင်၍၊ ပုံသဏ္ဍာန်တော်နှင့်အညီ၊ ဘုန်းတော်တစ်ပါး မှ တစ်ပါးသို့ တိုင်အောင်ဝိညာဉ်တော်တရား၏ အရှင်သည်ပြောင်းလဲပေးသည်။

၁၁) ဧဖက် ၅း၂၇ ၊၃၀ ၊ ၁ ကော ၆း၁၅ ။ ။ အကျွန်ုပ်သည် အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်း နှင့် လွပ်လပ်သဖြင့်၊ သန့်ရှင်း၍၊ အပြစ်ကင်းလျက်ရှိသည်။ အကျွန်ုပ်၏ ခန္ဓာကိုယ်သည်၊ ခရစ်တော်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းဖြစ်၍၊ သူ၏ အသားတော်နှင့် အရိုးတော်ဖြစ်၏။

၁၂) ၁သက် ၅း၂၃ ။ ။ သခင်ဘုရား ကြွလာတော်မူသော အခါ၊ အကျွန်ုပ်၏ ခန္ဓာ၊စိတ်၊ ဝိညာဉ် သည် အပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှါစောင်မတော်မူသည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

## ခရစ်တော်၌ ရှိသော ကျွန်ုပ်တို့၏ အရိုက်အရာ

၁) ရောမ ၃း၂၄ ။ ။ ခရစ်တော်အားဖြင့်၊ အဘိုးကိုမပေးဘဲ၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်၊ အကျွန်ုပ်သည်၊ ဖြောင့်မတ်ရာသို့ရောက်ရ၏။

၂) ရောမ ၈း၁ ။ ။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့်၊ ယေရှုခရစ်၌ တည်၍၊ ဇာတိပကတိအတိုင်း မကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောအကျွန်ုပ်သည်၊ အပြစ်စီရင်ခြင်းနှင့် လွှတ်၏။

၃) ရောမ ၈း၂ ။ ။ ခရစ်တော်အားဖြင့်၊ ယေရှုခရစ်၌တည်၍၊ အသက်ရှင်စေသောဝိညာဉ်တော်၏တရားသည်၊ အပြစ်တရား၏လက်မှ၄င်း၊ သေခြင်းတရား၏လက်မှ၄င်း၊ အကျွန်ုပ်ကို ကယ်လွှတ်ပြီ။

၄) ရောမ ၁၂း၅ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည်၊ ဒုတိယအကြိမ် မွေးခြင်းခံပြီးသော ယုံကြည်သူများနှင့်အတူတစ်ကိုယ်တည်းဖြစ်၍၊ အသီးသီး အင်္ဂါချင်းဖြစ်ကြ၏။

၅) ၁ ကော ၁း၂ ။ ။ ခရစ်တော်အားဖြင့်၊ အပြစ်နှင့်ကင်းစင်၍ ခပ်သိမ်းသော အရပ်၌ ခရစ်တော်ယေရှုကို ပဌနာပြုသော သူအပေါင်းတို့နှင့်အတူ သန့်ရှင်းသူအရာ၌ အကျွန်ုပ်ကို ခွဲခန့်ထား၏။

၆) ၁ ကော ၁း၃၀ ။ ။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်ထံမှ ဉာဏ်ပညာကို အကျွန်ုပ်ရရှိသည်။ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း နှင့် ရွေးနုတ်တော်မူခြင်းကိုလည်းပိုင်ဆိုင်ရရှိသည်။

၇) ၁ ကော ၁၅း၂၂ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အသက်ရှင်ခြင်းသို့ရောက်ရကြလတံ့။ (ဆိုလိုရင်းအဓိပ္ပါယ်မှာ၊ ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။)

၈) ၂ ကော ၁း၂၁ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် တည်ဆောက်ခြင်း နှင့် ဘိသိက်ခြင်း ခံရသည်။

၉) ၂ ကော ၂း၁၄ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ခရစ်တော်နှင့်အတူ အောင်ပွဲကို အစဉ်ခံစေခြင်းငှါ၄င်း၊ ထိုသခင်ကိုသိခြင်း၏ အမွှေးအကြိုင်သည်၊ အကျွန်ုပ်အားဖြင့် အရပ်ရပ်တို့၌နံ့ပြားစေခြင်းငှါ ဖြစ်သည်။

၁၀) ၂ ကော ၃း၁၄-၁၆ ။ ။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်အား နားလည်နိုင်ခြင်းကို အတားအဆီးဖြစ်စေသော၊ အကျွန်ုပ် နှလုံးသားနှင့် အတွေးအခေါ် ပေါ်တွင်ဖုံးအုပ်ထားသော မျက်နှာဖုံးကို ဖယ်ရှားဖွင့်လှစ်ပေးသည်။

၁၁) ၂ ကော ၅း၁၇ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍၊ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီ။

၁၂) ၂ ကော ၅း၁၉ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ခမည်းတော်ဘုရား နှင့် ရန်ကိုငြိမ်းစေ၍၊ အကျွန်ုပ်၏ အပြစ်များကို ထပ်၍မှတ်တော်မမူဘဲ၊ မိတ်သဟာယတရားကိုလည်း၊ အကျွန်ုပ်၌ အပ်ပေးတော်မူ၏။

၁၃) ဂလာတိ ၂း၄ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်၌ လွှတ်ခြင်းအခွင့်ရှိပြီ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၁၄) ဂလာတိ ၃း၂၁-၂၂ ။ ။ ခရစ်တော်အားဖြင့်၊ အသက်ရှင်စေနိုင်သောကတိတော်ကိုပေးတော်မူသည်မှန်လျှင်၊ အကယ်စင်စစ်ထိုတရားအားဖြင့်၊ ဖြောင့်မတ်ခြင်းကို ရလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော်၊ အကျွန်ုပ်သည်၊ ယုံကြည်သောကြောင့်ဖြစ်သည်။

၁၅) ဂလာတိ ၃း၂၆ ။ ။ ခရစ်တော်ကြောင့် ၊ အကျွန်ုပ်သည် ယုကြည်ခြင်းအားဖြင့်၊ ဘုရားသခင်၏သားဖြစ်သည်။

၁၆) ဂလာတိ ၃း၂၈ ။ ။ ခရစ်တော်အားဖြင့်၊ ယုဒလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျ်ား မရှိ၊ မိန်းမ မရှိ၊ ထိုသခင်၌ အကျွန်ုပ်သည် ယုံကြည်သူအားလုံးနှင့်အတူ၊ တစ်လုံးတစ်ဂတည်း ဖြစ်သည်။

၁၇) ဂလာတိ ၅း၆ ။ ။ ခရစ်တော်အားဖြင့်၊ ယေရှုခရစ်ထံ၌၊ အရေဖျားလှီးခြင်း အကျိုးမရှိ၊ မခံဘဲနေခြင်းလည်း အကျိုးမရှိ၊ မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုကြည်ခြင်းသာ အကျွန်ုပ်၌ အကျိုးရှိ၏။

၁၈) ဂလာတိ ၆း၁၅ ။ ။ ခရစ်တော်အားဖြင့်၊ အရေဖျားလှီးခြင်း အကျိုးမရှိ၊ မခံဘဲနေခြင်းလည်း အကျိုးမရှိ၊ သတ္တဂါသစ်ဖြစ်ခြင်းသာ အကျိုးရှိ၏။

၁၉) ဖေက် ၁း၃ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်၏အဘဖြစ်တော်မူသော ဘုရားသခင်နှင့် ယေရှုခရစ်သည် ကောင်းကင်အရပ်တို့၌ ရှိသော ဂိညာဉ်ရေးရာ ကောင်းကြီးမင်္ဂလာများ နှင့် အကျွန်ုပ်ကို ကောင်းကြီးပေးတော်မူသည်။

၂၀) ဖေက် ၂း၁၀ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ကောင်းသော အကျင့်တို့ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ အကျွန်ုပ်သည် ကျင်လည်ရမည်အကြောင်း၊ ဘုရားသခင်သည် အကျွန်ုပ်ကိုပြင်ဆင်တော်မူနှင့်ပြီ။

၂၁) ဖေက် ၁း၁၀ ။ ။ ခရစ်တော်အားဖြင့်၊ ကာလအချိန်စေ့စုံခြင်း၏ သာသနာတွင်၊ ကောင်းကင်ပေါ်၊မြေကြီးပေါ်မှာ ရှိရှိသမျှတို့ကို အကျွန်ုပ်နှင့်အတူပေါင်း၍၊ ခရစ်တော်၌ ချုပ်ခြာ စေတော်မူသတည်း။

၂၂) ဖေက် ၂း၆ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်ကို ထမြောက်စေ၍၊ ကောင်းကင်အရပ်၌ နေရာပေးတော်မူပြီ။

၂၃) ဖေက် ၂း၁၂၊၁၃ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အထက်က ဝေးလျက် ရှိသော်လည်း၊ ယခုမှာ ယေရှုခရစ်၌ ဖြစ်၍၊ အသွေးတော်အားဖြင့် အနီးသို့ရောက်ကြပြီ။

၂၄) ဖေက် ၃း၆ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အမွေခံ ၍၊ တစ်လုံးတစ်ဂတစ်ကိုယ်တည်း ဖြစ်လျက်၊ ခရစ်တော်နှင့်ဆိုင်သော ကတိတော်ကို၊ ဆက်ဆံရကြ၏။

၂၅) ဖိလိပ္ပိ ၃း၁၄ ။ ။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်သည် အထက်အရပ်မှခေါ်တော်မူခြင်း နှင့်ဆိုင်သောဆုကိုရခြင်းငှါ၊ ပန်းတိုင်သို့ အကျွန်ုပ် လိုက်ပြေး၏။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၂၆) ကောလောသဲ ၁း၂၈ ။   ။ ခရစ်တော်အားဖြင့်၊ လူတိုင်းစုံလင်ခြင်းသို့ရောက်၍၊ လူခပ်သိမ်းတို့ကိုဆက်သအံ့သောငှါ၊ အကျွန်ုပ်သည် လူခပ်သိမ်းတို့ကိုသတိပေး၍၊ ပညာအမျိုးမျိုးနှင့် ဆုံးမ သွန်သင်လျက်၊ ခရစ်တော်၏ တရားကိုဟောပြော၏။

၂၇) ၁ သက် ၄း၁၆ ။   ။ ခရစ်တော်အားဖြင့်၊ သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန် မင်းအသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍၊ ထိုအချိန် ၌ အကျွန်ုပ်သည်ရှင်ပြန်ထမြောက်လိမ့်မည်။

၂၈) ၁ သက် ၅း၁၈ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည်အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်း၍၊ ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင်အလိုတော်ရှိ၏ ။

၂၉) ၁ တိ ၁း၁၄ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သခင်ဘုရား၏ ကျေးဇူးတော်သည်လည်း၊ယေရှုခရစ်၌ ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်တကွ အတိုင်းထက်အလွန်ကြွယ်ဝပြီ။

၃၀) ၂ တိ ၁း၉ ။   ။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်သည်၊ အကျွန်ုပ်ကျင့်သော အကျင့်ကိုထောက်တော်မမူ။ ရှေးကပ်ကာလ မရောက်မီ၊ ယေရှုခရစ်အားဖြင့် အကျွန်ုပ် အဘို့ ကိုယ်တော်တိုင် ကြံစည်တော်မူသော ကျေးဇူးတော်နှင့် အညီ ငါတို့ကို ကယ်တင်၍၊ သန့်ရှင်းသော အရာ၌ ခေါ်သွင်းတော်မူ၏။

၃၁) ၂ တိ ၁း၁၃ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် စင်ကြယ်သောတရားစကားအချုပ်အခြာကို၊ ယေရှုခရစ်၌ ယုံကြည်ခြင်း ၊ ချစ်ခြင်းနှင့်တကွ စွဲလမ်းစွာ ကိုင်ဆွဲထားသည်။

၃၂) ၂ တိ ၂း၁ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည်၊ ယေရှုခရစ်၌ ရှိသော ကျေးဇူးတော်အားဖြင့်၊ ခိုင်ခံ့ခြင်း ရှိသည်။

၃၃) ၂ တိ ၃း၁၅ ။   ။ ခရစ်တော်ကိုယုံကြည်ခြင်း အားဖြင့်၊ ကယ်တင်ခြင်း အလိုငှါ၊ ပညာကိုပေးနိုင်သော ဓမ္မ ကျမ်းစာကို အကျွန်ုပ် သိမှတ် ဆင်ခြင်သည်။

၃၄) ဖိလေမုန် ၆ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည်၊ ယုံကြည်ခြင်းကိုဆက်ဆံသော အရိုန်ကြီး၍၊ ယေရှုခရစ်အဘို့အလိုငှါ၊ အကျွန်ုပ်၌ ကောင်းသော အရာရှိသမျှတို့ကို၊ ဝန်ခံမည့် အကြောင်းဖြစ်သည်။

၃၅) ၂ ပေ ၁း၅-၈ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည်၊ ခရစ်တော်ကို သိကျွမ်းခြင်း၌ မပျင်းရိစေခြင်းငှါငှင်း၊ အကျိုးမဲ့မဖြစ်စေခြင်းငှါငှင်း၊ ပြုပြင်တတ်၏။ အကျွန်ုပ်၌၊  ယုံကြည်ခြင်း၊ သီလ၊ ပညာ၊ ကာမဂုဏ်ချုပ်တည်းခြင်း၊ သည်းခံခြင်း၊ဘုရားဝတ်ကိုပြု၍ မွေ့လျော်ခြင်း၊ ညီအစ်ကိုစုံမက်ခြင်း နှင့် ချစ်ခြင်းမေတ္တာ ၌ ကြွယ်ဝစွာ တည်နေသည်။

၃၆) ၂ ယော ၉ ။   ။ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ခရစ်တော်၏ ဒေသနာ၌ တည်၍၊ ခမည်းတော်နှင့်သားတော်ကိုသိ၏။

၃၇) တမန်တော် ၁၇း၂၈ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ဖြစ်လျက် ရှိကြ၏။

၃၈) ယောဟန် ၁း၄ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်၌ ဘုရားသခင်၏ အသက်ရှိ၍၊ ထိုအသက်သည်လည်း၊ လူတို့၏အလင်းဖြစ်၏။

၃၉) ယောဟန် ၃း၁၅ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရ အသက်ကို ရရှိသည်။

၄၀) ၂ ကော ၁း၂၀ ။ ။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်၏ ကတိတော်အလုံးစုံတို့သည်၊ အကျွန်ုပ်အားဖြင့်၊ ဘုန်းအသရေ တော်ကိုထင်ရှားစေခြင်းအလို့ငှါဟုတ်မှန်၏ ဟူ၍၎င်း၊ အာမင်ဟူ၍ ၎င်း၊ ဖြစ်သတည်း။

၄၁) ၂ ကော ၅း၂၁ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည်၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း ဖြစ်လာသည်။ အဘယ့်ကြောင့်ဆိုသော်၊ ဘုရားသခင်သည် အပြစ် နှင့်ကင်းစင်သောသူကို၊ အကျွန်ုပ် အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေ၏။

၄၂) ဖေက် ၁း၄ ။ ။ ခရစ်တော်အားဖြင့်၊ ဤ ကမ္ဘာ မတည်မရှိမှီ အကျွန်ုပ်ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ၊ အကျွန်ုပ်သည် ဘုရားသခင့်ရှေ့တော်၌မေတ္တာအားဖြင့်၊ သန့်ရှင်းလျက် အပြစ်ကင်းလွတ်လျက် ဖြစ်မည် အကြောင်းတည်း။

၄၃) ဖိလိပ္ပိ ၃း၉ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ် သည် ယုံကြည်ခြင်း အတွက်ကြောင့်ဘုရားသခင်ပေးတော်မူသော၊ ဖြောင့်မတ်ခြင်းကို လက်ခံရရှိသည်။

၄၄) ကောလောသဲ ၂း၆ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ယေရှုခရစ်ကို ခံယူပြီးသည် ဖြစ်၍၊ ထိုသခင်၌ ကျင်လည်သည်။

၄၅) ကောလောသဲ ၂း၁၀ ။ ။ ခရစ်တော်အားဖြင့်၊ အထွဋ် အမြတ် အာဏာစက် ရှိသမျှကို အုပ်စိုးတော်မူသော၊ ထိုသခင်၌၊ အကျွန်ုပ်သည် စုံလင်ခြင်းရှိ၏။

၄၆) ကောလောသဲ ၂း၁၀ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ကိုယ်တော်၌ ပြီးပြည့်စုံ၍၊ ခရစ်တော်သည် အလုံးစုံတို့၏ အထွဋ် ဖြစ်တော်မူ၏။

၄၇) ၁ ယော ၂း၅ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည်၊ ဘုရားသခင်၏ စကားတော်ကို နားထောင်၍၊ ထိုသခင်၏ ချစ်ခြင်းမေတ္တာ နှင့် အမှန်ပြည့်စုံ၏။

၄၈) ၁ ယော ၂း၆ ။ ။ ခရစ်တော်အားဖြင့်၊ တည်သော အကျွန်ုပ်သည်၊ ထိုသခင်ကျင့်တော်မူသည့်နည်းတူ၊ ကျင့်၏။

၄၉) ၁ ယော ၂း၈ (အမ်ပလီဖိုင်း ဗားရှင်း) ၊ ယော ၁၃း၃၄ ။ ။ ခရစ်တော်၌ ၊ ပညတ်သစ် တည်းဟူသော ချစ်ခြင်း မေတ္တာကို ထိုသခင်အားဖြင့်၎င်း၊ အကျွန်ုပ်၌ ရေးထား၏။ မှောင်မိုက်ပျောက်လွင့်၍၊ မှန်သော အလင်းသည်၊ ထွန်းတောက်လျက်ရှိ၏။

၅၀) ၁ ယော ၂း၂ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်၏ အပြစ်မက၊ လောကီသားအပေါင်းတို့၏ အပြစ်ဖြေစရာ အကြောင်းဖြစ်တော်မူ၏။

၅၁) ၁ ယော ၃း၂-၃ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ခရစ်တော်ကြွလာခြင်းကို မြော်လင့်သည်။ အကျွန်ုပ်သည်၊ ကိုယ်တော်သန့်ရှင်းစေတော်မူသည်နည်းတူ၊ ကိုယ်ကိုကိုယ် သန့်ရှင်းစေတတ်၏။

၅၂) ၁ ယော ၃း၅ ။ ။ ခရစ်တော်အားဖြင့်၊ မည်သည့် အပြစ်တစ်စုံတစ်ရာမျှ မရှိ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၅၃) ၁ ယော ၃း၆ ၊ ၂ ကော ၃း၁၈ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် သူ.၌တည် နေ၍၊ ဒုစရိုက်ကို မပြုတတ်။ အဘယ့်ကြောင့်ဆိုသော်၊ အကျွန်ုပ်သည် ကိုယ်တော်ကို သိမြင်သော ကြောင့်ဖြစ်သည်။

၅၄) ၁ ယော ၃း၂၄ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ကိုယ်တော်၏ ပညတ် တော်တို.ကို စောင့်ရှောက်သောကြောင့်၊ ကိုယ်တော်၌ တည်နေသကဲ့သို.၊ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ တည်တော်မူသည်။

၅၅) ၁ ယော ၄း၁၃ ။ ။ ခရစ်တော်အားဖြင့်၊ ဂိညာဉ်တော်၏ ကျေးဇူးကို အကျွန်ုပ်အားပေးတော်မူသောကြောင့်၊ အကျွန်ုပ်သည် ဘုရားသခင်၌ တည်သည်ကိုသော်၎င်း၊ ဘုရားသခင်သည် အကျွန်ုပ်၌ တည်တော်မူသည်ကို၎င်း၊ သိရကြ၏။

၅၆) ၁ ယော ၅း၁၄ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်းအကြောင်း ဟူမူကား၊ အကျွန်ုပ်သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသော ဆုကိုတောင်းလျှင်၊ ဘုရားသခင်သည် နားထောင်တော်မူ၏။

၅၇) ၁ ယော ၅း၂၀ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် မှန်သော ဘုရားသခင်အားသိသောဉာဏ်ကိုအကျွန်ုပ်အားပေးတော်မူသည်ကိုလည်း၊ အကျွန်ုပ်သိ၏။

၅၈) ဖေက် ၁း၆ ။ ။ ခရစ်တော်အားဖြင့်၊ ချစ်တော်မူသော သားတော်ယေရှုခရစ်ကြောင့်၊ ခမည်းတော်ဘုရားအားဖြင့်၊ အလိုတော်ရှိသော စေတနာ အတိုင်း ခွဲခန်.မှတ်သားခြင်းခံရသည်။

၅၉) ဖေက် ၅း၈ ။ ။ ခရစ်တော်အားဖြင့်၊ အထက်ကာလ၌၊ အကျွန်ုပ်သည် မှောင်မိုက် အတိဖြစ်၏။ ယခုမူကား၊ သခင်ဘုရား၌ အလင်းဖြစ်ကြ၏။ အကျွန်ုပ်သည် အလင်း၏သားကဲ့သို. ကျင့်နေ၏ ။

၆၀) ဖေက် ၆း၁၀ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် သခင်ဘုရားအားဖြင့် ၄င်း၊ တန်ခိုးတော်အရှိန် အားဖြင့်၄င်း၊ ခိုင်ခံ့ခြင်းရှိ၏ ။

၆၁) ဖေက် ၁း၇ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အတိုင်းထက် အလွန် သာ၍ များလှစွာသော ကျေးဇူးတော် ကြွယ်ဝပြည့်စုံသည်နှင့် အညီ၊အသွေးတော်အားဖြင့် အပြစ်လွတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်း ကျေးဇူးကို ခံရ၏ ။

၆၂) ဖေက် ၁း၁၁ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် မိမိစေတနာ အလိုသို.လိုက်သော အလုံးစုံကို စီရင်ပြုပြင်တတ်သောသူ၏ ကြံစည်ခြင်း ရှိသည် နှင့်အညီ၊ ရှေးမဆွ ကတည်းက ခွဲခန်.မှတ်သား၍ ၊အကျွန်ုပ်သည် ထိုခရစ်တော်အားဖြင့်၊ အမွေခံဖြစ်ကြ၏ ။

၆၃) ဖေက် ၁း၁၃ ။ ။ ခရစ်တော်အားဖြင့်၊ ကိုယ်တော့်ကို ယုံကြည်ပြီးနောက်၊ ကတိတော်နှင့် ယှဉ်သော သန်.ရှင်းသော ဂိညာဉ်တော်၏တံဆိပ်ခတ်ခြင်း ကိုခံရသည်။

၆၄) ဖေက် ၂း၂၁ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အသင်းတော်နှင့် အတူတကွ ချိတ်ဆက်ထားလျက်၊ ထိုအသင်းတော်တည်းဟူသော တစ်တိုက်လုံးသည် စေ့စပ်၍ ကြီးပွားသဖြင့်၊ သခင်ဘုရား အဘို.အလိုငှါသန်.ရှင်းသော ဗိမာန်ဖြစ်သည်။

၆၅) ဖေက် ၂း၂၂ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် သန်.ရှင်းသောဂိညာဉ်တော်အားဖြင့် ဘုရားသခင် ကျိန်းဝပ်တော်မူခြင်းအလိုငှါ ၊အတူတကွတည်ဆောက်လျက်ရှိ၏ ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၆၆) ဖေက် ၃း၁၂ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ထို သခင်ကို ယုံကြည်ခြင်းအားဖြင့်၊ ရဲရင့်သောစိတ်နှင့် တိုးဝင်၍ အသနားတော်ခံရသော အခွင့်ကို ရပြီ။

၆၇) ကောလောသဲ ၁း၁၄ ။ ။ ခရစ်တော်အားဖြင့်၊ အသွေးတော်ကြောင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော၊ ရွေးနှုတ်တော်မူခြင်းကျေးဇူးကို အကျွန်ုပ်သည် ခံရ၏ ။

၆၈) ကောလောသဲ ၂း၃ ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ပညာ ဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာ ရှိသမျှ ကို ရရှိပြီ ။

၆၉) ကောလောသဲ ၂း၁၁ ။ ။ ခရစ်တော်၏ အရေဖျား လှီးခြင်းအားဖြင့်၊ ဇာတိပကတိ အပြစ်၏ ကိုယ်ကို ပယ်ရှင်း၍၊ လက်ဖြင့် မလုပ်သော အရေဖျားလှီးခြင်းကို ထိုသခင်၌ အကျွန်ုပ် ခံယူသည်။

၇၀) ၁ ပေ ၁း၈ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ကိုယ်တော့်ကို ချစ်၍ ၊ဘုန်းအသရေနှင့်စပ်ဆိုင်သော၊ ပြော၍ မမှီနိုင်သော ရွှင်လန်းခြင်းစိတ်နှင့်ဝမ်းမြောက်သည် ။

၇၁) ရောမ ၃း၂၀-၂၂ ။ ။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ယုံကြည်ခြင်း အားဖြင့် ရရှိ၍၊ အကျွန်ုပ်၏ အသက်တာ၌ ထင်ရှားလျှက် ရှိသည်။

၇၂) ရောမ ၅း၁၅ ၊၁၇ ။ ။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်း ဆု ကျေးဇူး သည် အကျွန်ုပ်၏ အသက်တာ၌ သခင်ယေရှု၏ ကျေးဇူးတော်ကြောင့် ကြွယ်ဝလျက် ရှိသည်။

၇၃) ရောမ ၅း၁၇ ။ ။ ခရစ်တော် အားဖြင့်၊ အကျွန်ုပ်သည် အသက်တာ၌ စိုးစံသောသူဖြစ်သည်။

၇၄) ရောမ ၇း၄ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အခြားသော သူတည်းဟူသော သေခြင်းမှ ထမြောက်တော်မူသော သူ၏ မယားဖြစ်၍ ၊ ဘုရားသခင်၏ အလိုတော်နှင့် အညီ တိုးပွားမည်အကြောင်း ခရစ်တော်၏ ကိုယ်ခန္ဓာ အားဖြင့် သေ၍ ၊ ပညတ်တရား နှင့်ကွာကြ၏ ။

၇၅) ၁ ကော ၁း၄ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ခမည်းတော်ဘုရားသခင်၏ ကျေးဇူးတော်ကို အစဉ်မပြတ် ချီးမွမ်း၏ ။ ထိုကျေးဇူးတော်သည် သခင်ယေရှု ပေးတော်မူသော ဆုကျေးဇူးဖြစ်သည်။

၇၆) ၂ ကော ၅း၁၈ ။ ။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်သည် အကျွန်ုပ် ၏ ရန်ကိုငြိမ်းစေ၍ ၊ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏ ။ ထိုမိတ်သဟာယ တရားကို ဟောရသောအခွင့် အရာကို အကျွန်ုပ် ၌ အပ်ပေးတော်မူ၏ ။

၇၇) ဂလာတိ ၂း၁၆ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊ ယုံကြည်ခြင်း အားဖြင့် ဖြောင့်မတ်ရာသို့ရောက်၏ ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၇၈) ဖေက် ၁း၅ ။   ။ ခရစ်တော်အားဖြင့်၊ အလိုတော်ရှိသော စေတနာ အတိုင်း၊ အကျွန်ုပ်သည် သားအရာကို ရွေးမဆွ ကတည်းက ခွဲခန့်ခြင်း ခံရသည်။

၇၉) ဖိလိပ္ပိ ၁း၁၁ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေတတ်သော ဖြောင့်မတ်ခြင်း အကျင့် နှင့်ပြည့်စုံသည်။

၈၀) ဖိလိပ္ပိ ၄း၁၉ ။   ။ ခရစ်တော်အားဖြင့်၊  ဘုရားသခင်သည် ဘုန်းအာနုဘော် ၌ စံပယ်တော်မူသော စည်းစိမ်ရှိသည့်အတိုင်း အကျွန်ုပ် အလိုရှိသမျှတို့ကို ပြည့်စုံစေသည်။

၈၁) ၁ ပေ ၁း၃ ။   ။ ခရစ်တော်အားဖြင့် ၊အကျွန်ုပ်သည် အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော မျှော်လင့်ခြင်းအကြောင်းရှိစေခြင်းငှါ ၊ကြီးစွာသော ကရုဏာတော်နှင့် အညီ သခင်ယေရှု သေခြင်းမှရှင်ပြန် ထမြောက်ခြင်း ကြောင့်ဖြစ်သည်။

၈၂) ၁ ပေ ၂း၅ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်ထပ်ဆင့် တည်ဆောက်လျက် ရှိသဖြင့်၊ ဓမ္မတိုက်ဖြစ်၏ ။ ယေရှုခရစ်အားဖြင့် ဘုရားသခင် နှစ်သက်တော်မူရာ ဓမ္မယဇ်ကို ပူဇော်ရသော သန့်ရှင်းသော ယဇ်ပုရောဟိတ်မျိုးဖြစ်၏ ။

၈၃) ၁ ပေ၅း၁၀ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်ကို ထာဝရဘုန်းအသရေတော်သို့ ခေါ်တော်မူသော၊ ခပ်သိမ်းသောကျေးဇူးကိုပြုတော်မူသော ဘုရားသခင်သည်၊ အကျွန်ုပ်ကို စုံလင်တည်ကြည် ခိုင်ခံ့မြဲမြံစေတော်မူမည်။

၈၄) ၁ ကော ၁း၅ ။  ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် အရာရာ၌ နှုတ်သတ္တိ ၊ ဉာဏ်သတ္တိ အပေါင်းနှင့်ကြွယ်ဝ ပြည့်စုံသည်။

၈၅) ၁ ကော ၈း၆ (ချားစ် ဘီ ဂီလီယံ ၏ ဘာသာပြန်ဆိုခြင်း) ။   ။ ခရစ်တော် အားဖြင့် ၊ အကျွန်ုပ် အသက်ရှင်သည်။ ခပ်သိမ်းသော အရာတို့သည် ကိုယ်တော်အားဖြင့်၊ ဖန်ဆင်းလျက် ရှိကြ၏ ။

၈၆) ကောလောသဲ ၁း၁၆ ။   ။ ခရစ်တော်အားဖြင့်၊ မြေကြီးပေါ် မှာ ရှိသမျှသော ရူပ အရာ၊ အရူပ အရာ၊ ရာဇပလ္လင် ဖြစ်စေ ၊ အစိုးရခြင်း တန်ခိုးဖြစ်စေ၊ အထွဋ်အမြတ် ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏ ။ ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့အလို့ငှါ ၎င်း၊ အကျွန်ုပ်သည် ဖန်ဆင်းခံရသောသူဖြစ် ၏ ။

၈၇)  ကောလောသဲ ၁း၁၇ ၊ ၁း၁၈ (ချားစ် ဘီ ဂီလီယံ ၏ ဘာသာပြန်ဆိုခြင်း) ။   ။ ခရစ်တော်အားဖြင့်၊ ခပ်သိမ်းသော အရာတို့သည်၊ တန်ခိုးတော်အားဖြင့်သာ တည်ကြ၏ ။ ခရစ်တော်သည် အကျွန်ုပ်၏ ဦးခေါင်းဖြစ်တော်မူ၍ အရာရာ ၌ ထူးမြတ်ခြင်းငှါ ၊ မူလအရင်းဖြစ်တော်မူသည်။

၈၈) ကောလောသဲ ၁း၂၀ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် လက်ဝါးကပ်တိုင်မှာသွန်းသော အသွေးတော်အားဖြင့်၊ ရန်ကိုငြိမ်းစေ၍ ၊ ဘုရားသခင်နှင့် မိတ်သဟာယ ဖွဲ့စေခြင်းငှါ အလိုရှိတော်မူ၏ ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၈၉) ကောလောသဲ ၃း၁၇ ။ ။ ခရစ်တော်အားဖြင့် ၊အကျွန်ုပ်သည် စကားပြောသော်၎င်း ၊ အမှုဆောင်ရွက်သော်၎င်း ၊ သခင်ယေရှု၏ နာမတော်ကိုထောက်၍ ၊ ခပ်သိမ်းသော အမှုတို့ကို ပြုမူလျက် ၊ ကျေးဇူးတော်ကြီးလှပါ၏ ဟု ထိုသခင်ကို အမှီပြု၍ ၊ ခမည်းတော်ဘုရားရှေ့၌ ဂုဏ်ခံ၏ ။

၉၀) ဟေဗြဲ ၇း၂၅ ။ ။ ခရစ်တော်အားဖြင့် ၊အကျွန်ုပ်သည် ဘုရားသခင်အထံတော်သို့ ချဉ်းကပ်၏ ။ အကျွန်ုပ်၏ အမှုကို ကိုယ်တော်သည် စောင့်လျက်၊ ကာလအစဉ် အသက်ရှင်သောကြောင့်၊ အကျွန်ုပ်ကို အစဉ် ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ ၏ ။

၉၁) ဟေဗြဲ ၁၃း၁၅ ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ဂုဏ်ခံ လျက်၊ နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်း ယဇ်ကို၊ ဘုရားသခင်ရှေ့တော်၌ အစဉ်ပူဇော်၏ ။

၉၂) ၁ ပေ ၁း၂၁ ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ဘုရားသခင်ကို ထောက်လျက် ယုံကြည်ခြင်း ၊မြော်လင့်ခြင်း ရှိစေခြင်း ငှါ၊ ထိုသခင်ကို ဘုရားသခင်သည် သေခြင်းမှရှင်ပြန် ထမြောက်စေ၍ ၊ ဘုန်းအသရေကို ပေးသနားတော်မူပြီ ။

၉၃) ဟေဗြဲ ၁း၃ (ကဲနက် အက်စ်ဂက်(စ်)၏ ဘာသာပြန်ဆိုခြင်း) ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် အပြစ်များထဲမှ ဆေးကြော စင်ကြယ် ခြင်း အခွင့်ကို ရရှိကာ ၊ ထို အခွင့်ကို သခင်ယေရှု ကိုယ်တော်တိုင် အကျွန်ုပ် အတွက် လုပ်ဆောင်ပေးခဲ့သည်။

၉၄) ဟေဗြဲ ၉း၂၆ ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်၏ အပြစ် အလုံးစုံတို့သည် သခင်ယေရှု ကိုယ်တော်တိုင် ပူဇော်ခံခြင်းအားဖြင့် သုတ်သင်ပယ်ရှင်းခြင်း အခွင့်ကို ရရှိသည်။

၉၅) ဟေဗြဲ ၉း၁၂ ။ ။ ခရစ်တော်အားဖြင့် ၊အကျွန်ုပ်သည်  သခင်ယေရှု ခရစ်တော်၏ အသွေးတော်အားဖြင့် ၊ ထာဝရ ရွေးနှုတ်ခြင်း ကျေးဇူးကို ခံရသည် ။

၉၆) ဟေဗြဲ ၉း၁၄ ။ ။ ခရစ်တော်အားဖြင့် ၊ သေခြင်း နှင့် စပ်ဆိုင်သော အကျင့် ကို ပယ်ရှင်း ၍ ၊ အကျွန်ုပ်သည် အသက် ရှင်တော်မူသော ဘုရားကို ဝတ်ပြုမည် အကြောင်း၊ အကျွန်ုပ်၌ ကိုယ်ကိုကိုယ်သိသောစိတ်ကို စင်ကြယ်စေခြင်းငှါ ၊ သာ၍ တတ်နိုင်တော်မူသည်။

၉၇) ဟေဗြဲ ၉း၁၅ ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ကတိတော်နှင့်ယှဉ်သော ထာဝရအမွေကို ခံရမည် အကြောင်း ၊ ထိုသခင်သည် ပဋိညာဉ်တရားသစ်၏ အာမခံဖြစ်တော်မူ၏ ။

၉၈) ဟေဗြဲ ၁၀း ၁၉-၂၀ ။ ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ယေရှု၏ ကိုယ်ခန္ဓာ တော်တည်းဟူသော ကုလားကာ အားဖြင့် ထိုသခင် ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင်၊ ငါတို့သည် သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကို အမှီပြု၍ အဆီးအတား မရှိ ၊ ဝင်ရသော အခွင့်ရှိသည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved.

၉၉) ၁ ယော ၁း၇ ။   ။ ခရစ်တော်အားဖြင့်၊ ဘုရားသခင်သည် အလင်း၌ ရှိတော်မူသကဲ့သို. ၊ အကျွန်ုပ်သည် အလင်း၌ ကျင်လည်လျှင် အချင်းချင်း မိတ်သဟာယဖွဲ့.ခြင်း ရှိကြသည် ဖြစ်၍ ၊ ဘုရားသခင်၏ သားတော်ယေရှုခရစ်၏ အသွေးတော်သည်၊ အကျွန်ုပ် အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏ ။

၁၀၀) ရောမ ၅း၂ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ထိုကျေးဇူးတော်ကို ခံစားရသည့် အကြောင်းမှာ၊ ယုံကြည်ခြင်း ရှိ၍ ထိုသခင်အားဖြင့် သာ ခံစားရသောအခွင့်ကို ရ၏ ။ သို.ဖြစ်၍၊ အကျွန်ုပ်သည် ဘုရားသခင်၏ ဘုန်းတော်ကို မြော်လင့်၍ ဝါကြွားဝမ်းမြောက်ခြင်း ရှိ၏ ။

၁၀၁) ရောမ ၅း၁၀-၁၁ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ဘုရားသခင်၏ သားတော် အသေခံတော်မူခြင်း အားဖြင့် ၊ ဘုရားသခင်နှင့် မိတ်သဟာယ ဖွဲ့.ခြင်း ကျေးဇူးတော်ကို ခံရသည် ။

၁၀၂) ဂလာတိ ၆း၁၄ ။   ။ ခရစ်တော်အားဖြင့် ၊ထိုလက်ဝါးကပ်တိုင်တော်မှာ၌ လောကသည် အကျွန်ုပ် အဘို. ရိုက်ထာ းခြင်းကို ခံလျက်ရှိ၏ ။ အကျွန်ုပ်သည် လည်း ၊ ဤ လောကအဘို. ရိုက်ထားခြင်း ကို ခံလျက်ရှိ၏ ။

၁၀၃) ဧဖက် ၄း၁၆ ။   ။ ခရစ်တော်အားဖြင့်၊ထို ဦးခေါင်းမှ အဆစ်အပိုင်း များတို.သည် အားဖြည့်သဖြင့်၊ တစ်ကိုယ်လုံးသည် စေ့စပ်ထုံးဖွဲ့.လျက် ၊ အသီးသီး အင်္ဂါများ ကိုယ်ငန်းကိုယ်တာ အတိုင်းပြုပြင်သည်နှင့်အညီ ၊မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်း ငှါ၊ ကြီးပွားစေတတ်၏ ။

၁၀၄) ကောလောသဲ ၂း၁၉ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် သခင်ယေရှု ခရစ်တော် ကို စွဲကိုင်ထားသည် ။ သခင်ယေရှု ခရစ်တော်မှ တစ်ကိုယ်လုံးသည် အဆစ်အပိုင်း အထုံးအဖွဲ့.များအားဖြင့် ၊ အားဖြည့်၍ ထုံးဖွဲ့.လျက် ၊ဘုရားသခင်၏ အလိုတော်နှင့် အညီ ကြီးပွားတတ်၏ ။

၁၀၅) ၂ ကော ၂း၁၅ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ကယ်တင်သောသူတို.၌ ၄င်း ၊ဆုံးရှုံးသောသူတို.၌၄င်း ၊ဘုရားသခင်အား ခရစ်တော်၏ အမွှေးအကြိုင် ဖြစ်၏ ။

၁၀၆) ဖိလိပ္ပိ ၃း၁၂ ။   ။ ခရစ်တော်အားဖြင့် ၊ အကျိုးကိုခံရပြီ ၊စုံလင်ခြင်းသို. ရောက်ရပြီ ဟု အကျွန်ုပ်မဆိုလို ။ အကြင်အကျိုးကို ပေးခြင်းငှါ ခရစ်တော်သည် အကျွန်ုပ်ကို ကိုင်ဘမ်းတော်မူ၏ ။ ထိုအကျိုးကို ကိုင်မိခြင်း ငှါ အကျွန်ုပ် ပြေး၍ လိုက်သေး၏ ။

၁၀၇) ကောလောသဲ ၂း၁၇ (ချားဘီလ်စ် ဂီလီယမ် ဘာသာပြန်ဆိုခြင်း) ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်၏ ကိုယ်ခန္ဓာကို ကိုယ်တော်ပိုင်၍ ၊ ကိုယ်မူကား ခရစ်တော်၏ ကိုယ်ဖြစ်၏ ။

၁၀၈) ကောလောသဲ ၃း၂၄ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် သခင်ခရစ်တော် ၏ အစေကိုခံသည် ဖြစ်၍၊ အမွေတော်တည်းဟူသော အကျိုးကို ၊ထိုသခင်ဘုရား ၏လက်တော်မှ အကျွန်ုပ်ခံရလိမ့်မည် ။

၁၀၉) ၁ ယော ၁း၅ ။   ။ ခရစ်တော်အားဖြင့် ၊ ဘုရားသခင်၌ မှောင်မိုက် အလျှင်းမရှိ ၊ ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏ ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၁၁၀) ၁ ယော ၂း၂၇ ။  ။ ခရစ်တော်အားဖြင့် ၊ သန့်ရှင်းတော်မူသောဘုရား ၏ လက်မှ အကျွန်ုပ်ခံရသော ဘိသိက်ကျေးဇူးတော်သည် အကျွန်ုပ်၌ ရှိသည်ဖြစ်၍ ၊ အဘယ်သူမျှ အကျွန်ုပ်ကို ဆုံးမဩဝါဒပေးစရာ အကြောင်းမရှိ ၊ ထိုဘိသိက်ကျေးဇူးတော်သည် ဖြစ်ယောင်ဆောင်သည်မဟုတ်၊ အမှန်ဖြစ်လျက် ခပ်သိမ်းသော အရာတို့ကို အကျွန်ုပ်အားသွန်သင်တော်မူသည်အတိုင်း၊ အကျွန်ုပ်သည် သားတော်၌ တည်နေသည်။

၁၁၁) ရောမ ၅း၁ ။  ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ယုံကြည်ခြင်း ရှိ၍ ၊ ဖြောင့်မတ်ရာသို့ရောက်လျှင် ၊ အကျွန်ုပ် သခင်ယေရှုခရစ်အားဖြင့် ၊ ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားရ၏ ။

၁၁၂) ရောမ ၅း၁၁ ။  ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် သခင်ယေရှု ခရစ်တော်အားဖြင့် ၊ ဘုရားသခင်၌ ဝါကြွား ဝမ်းမြောက်ခြင်း ရှိ၏ ။

၁၁၃) ရောမ ၆း၁၁ ။  ။ ခရစ်တော်အားဖြင့် ၊အကျွန်ုပ်သည် အပြစ်တရားနှင့်ဆိုင်သော အရာ၌ကား ၊ အသေ ဖြစ်သည်ဟူ၍၄င်း ၊ ဘုရားသခင်နှင့်ဆိုင်သော အရာ၌ကား ၊ အကျွန်ုပ်သခင်ယေရှု ခရစ်အားဖြင့် အသက်ရှင်သည်ဟူ၍၄င်း ၊ကိုယ်ကိုကိုယ် ထင်မှတ်သည်။

၁၁၄) ရောမ ၆း၂၃ ။  ။ ခရစ်တော်အားဖြင့် ၊ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား ၊ အကျွန်ုပ်သခင် ယေရှု ခရစ်အားဖြင့် ၊ထာဝရ အသက်ပေတည်း ။

၁၁၅) ၁ ကော ၁၅း၅၇ ။  ။ ခရစ်တော်အားဖြင့် ၊  အကျွန်ုပ်အား အောင်ခြင်း အခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် အလွန် ကြီးလှစွတကား ။

၁၁၆) ဂလာတိ ၃း၁၃-၁၄ ။  ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ပညတ်တရား၏ ကျိန်ခြင်း မှ ရွေး နုတ်တော်မူခြင်းကို ခံရကာ ၊ အာဗြဟံခံရသော ကောင်းကြီးမင်္ဂလာ သည် ယေရှုခရစ်အားဖြင့် ၊ အကျွန်ုပ် အပေါ် သက်ရောက်သည် ဖြစ်၍ ၊ အကျွန်ုပ်သည် ကတိတော်နှင့်ယှဉ်သော ဝိညာဉ်တော်ကို ယုံကြည်ခြင်းအားဖြင့် ခံရသည် ။

၁၁၇) ဂလာတိ ၄း၇ ။  ။ ခရစ်တော်အားဖြင့် ၊အကျွန်ုပ်သည် နောက်တဖန် အစေအပါ ကျွန်မဖြစ် ၊ သားပင်ဖြစ်၏ ။သားဖြစ်လျှင် ခရစ်တော်အားဖြင့် ၊ ဘုရားသခင်၏ အမွေခံဖြစ်၏ ။

၁၁၈) ဖေက် ၂း၇ ။  ။ ခရစ်တော်အားဖြင့် ၊အကျွန်ုပ်၌ ကျေးဇူးပြု၍ ကျေးဇူးတော်၏ အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ၊ ထင်ရှားစေမည်အကြောင်းဖြစ်သတည်း ။

၁၁၉) ဖိလိပ္ပိ ၄း၆-၇ ။  ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် အဘယ်အမှုကိုမျှ စိုးရိမ်ခြင်း မရှိဘဲ ၊အရာရာ၌ ကျေးဇူးတော်ချီးမွမ်းခြင်း နှင့်တကွ ဆုတောင်းပဋ္ဌနာ ပြုသော အားဖြင့် ၊ အကျွန်ုပ်တောင်းပန်လိုသော အရာများတို့ကို ၊ ဘုရားသခင်အား ကြား လျှောက်သည်  ၊ ထိုသို့ပြုလျှင် ၊ အဘယ်သူမျှ ကြံ၍ မမှီ နိုင်သော ဘုရားသခင် ၏ ငြိမ်သက်ခြင်းသည် ၊ ယေရှု ခရစ်အားဖြင့် အကျွန်ုပ်၏ စိတ်နှလုံးကို စောင်မလိမ့်မည် ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၁၂၀) ဖိလိပ္ပိ ၄း၁၃ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ခပ်သိမ်းသော အမှုတို့ကို တတ်စွမ်းနိုင်သည် ။

၁၂၁) ဟေဗြဲ ၁၀း၁၀ ။   ။ ခရစ်တော်အားဖြင့် ၊ အလိုတော်နှင့်အညီ ယေရှုခရစ်၏ ကိုယ်တော်ကို တခါတည်းပူဇော်သောအားဖြင့် ၊ အကျွန်ုပ်သည် စင်ကြယ်ခြင်းသို့ရောက်၏ ။

၁၂၂) ဟေဗြဲ ၁၃း၂၀-၂၁ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ထာဝရပဋိညာဉ် တရား၏ အသွေးတော်အားဖြင့်၊ အလိုတော်သို့လိုက်မည် အကြောင်း ၊ကောင်းသော အကျင့်အမျိုးမျိုး ၌ ၊ အကျွန်ုပ်ကို ပြုပြင်တော်မူပါစေသော် ။

၁၂၃) ယောဟန် ၃း၁၇ ။   ။ ခရစ်တော်အားဖြင့် ၊ဤ လောကကြီးသည် ၊ ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်သည် ။

၁၂၄) ရောမ ၅း၉ ။   ။ ခရစ်တော်အားဖြင့် ၊အကျွန်ုပ်သည် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်နှုတ်တော်မူခြင်းသို့ရောက်မည်ဟု ၊ သာ၍ မျော်လင့်စရာ ရှိ၏ ။

၁၂၅) ရောမ ၈း၃၇ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် အောင်မြင်သော သူထက်အောင်မြင်သောသူဖြစ် ၍ ထိုသခင်သည် အကျွန်ုပ်ကို ချစ်သည်။

၁၂၆) ၁ ယော ၄း၉ (ချားဘီလ်စ် ဂီလီယမ် ဘာသာပြန်ဆိုခြင်း) ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် အသက်ရှင်စေခြင်းငှါ ၊ ဘုရားသခင်သည် တစ်ပါးတည်းသော သားတော်ကို ဤ လောကသို့စေလွှတ်တော်မူသော အရာ၌၊ အကျွန်ုပ်ကို ချစ်တော်မူသော မေတ္တာသည် ထင်ရှားလျက်ရှိ၏ ။

၁၂၇) ရောမ ၆း၈ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည်ကိုယ်တော်နှင့် အတူ အသေခံကာ၊ ယခု မှာ သူနှင့် အတူ အသက်ရှင်လျက် ရှိသည် ။

၁၂၈) ဂလာတိ ၂း၂၀ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည်ကိုယ်တော် နှင့် အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ ။ သို့သော်လည်း၊ အသက်ရှင်သေး၏ ။ ထိုသို့ဆိုသော်၊ အကျွန်ုပ်သည် ကိုယ်တိုင်မရှင် ၊ ခရစ်တော်သည် အကျွန်ုပ်၌ ရှင်တော်မူ၏ ။ ကိုယ်ခန္ဓာ၌ ယခု အကျွန်ုပ် ရှင်သော အသက်သည်၊ ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်း အားဖြင့်တည်၏ ။ သားတော်သည် အကျွန်ုပ်ကို ချစ်၍ ၊ အကျွန်ုပ်အဘို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏ ။

၁၂၉) ကောလောသဲ ၂း၂၀ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ကိုယ်တော်နှင့်အတူ သေ၍ ၊ လောကီတရားနမှ စုတေ့သည့် အတွက်ကြောင့်၊ လောကီနှင့်စပ်ဆိုင်သော အရာတို့၌ ၊ အရှုံး ခံသောသူ မဟုတ်တော့ပါ ။

၁၃၀) ကောလောသဲ ၃း၁ ၊ ဖေက် ၂း၆ ။   ။ ခရစ်တော်အားဖြင့် ၊အကျွန်ုပ်သည် ခရစ်တော်နှင့်အတူ ထမြောက်သည့် အတွက်ကြောင့် ၊ ဘုရားသခင်၏ လက်ျာတော်ဘက်မှာ ထိုင်နေတော်မူရာ အရပ်၌ ရှိသော အထက်အရာတို့ကိုသာ ရှာဖွေသည် ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၁၃၁) ကောလောသဲ ၃း၃ ၊ ဂလာတိ ၆း၁၄ ။   ။ ခရစ်တော်အားဖြင့်၊ အကျွန်ုပ်သည် ဤ လောကနှင့် စပ်ဆိုင်သော အရာ၌ သေသောသူဖြစ် ၍ ၊ အကျွန်ုပ်၏ အသက်သည် ၊ ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ပုက်ထားလျက်ရှိ၏ ။

၁၃၂) ရောမ ၆း၄ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကို ခံ၏ ။ ခရစ်တော်သည်၊ ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် ၊ သေခြင်းမှထမြောက်တော်မူသည်နည်းတူ ၊အကျွန်ုပ်သည်လည်း ၊ အသစ်သောအသက်၌ ကျင်လည် သည်။

၁၃၄) ရောမ ၈း၃၂ ။   ။ ခရစ်တော်အားဖြင့် ၊မိမိသားတော်ရင်းကိုမနှမြောဘဲ ၊ အကျွန်ုပ်အဖို့အလိုငှါ စွန့်တော်မူသောသူသည် ၊သားတော်နှင့်တကွ ခပ်သိမ်းသော အရာတို့ကို အကျွန်ုပ် အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း? ။

၁၃၅) ၂ ကော ၁၃း၄  ။   ။ ခရစ်တော်အားဖြင့် ၊အကျွန်ုပ်သည် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် အသက်ရှင်သည်။

၁၃၆) ကောလောသဲ ၂း၁၂ (ချားဘီလ်စ် ဂီလီယမ် ဘာသာပြန်ဆိုခြင်း) ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ဗတ္တိဇံ အားဖြင့် ၊ ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကို ခံ ၏ ။ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်းကို အကျွန်ုပ်သည် ယုံကြည်သောအားဖြင့် ၊ ဗတ္တိဇံကို ခံ၍ ထိုသခင်နှင့်အတူ ထမြောက်ခြင်းသို့ရောက်၏ ။

၁၃၇) ကောလောသဲ ၂း၁၃ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်၏ အပြစ်ရှိသမျှကို လွှတ်တော်မူ၍ ၊ ခရစ်တော်နှင့်အတူ အသက်ရှင်စေသည် ။

၁၃၈) ကောလောသဲ ၃း၄ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ် အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသော အခါ ၊ အကျွန်ုပ်သည်လည်း ၊ ထိုသခင်နှင့်အတူ ဘုန်းကြီး၍ ထင်ရှားကြလတ္တံ့ ။

၁၃၉) ၂ တိ ၂း၁၁-၁၂ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် အသက်ရှင်၍ ၊ သူနှင့် အတူ စိုးစံသည် ။

၁၄၀) ယောဟန် ၆း ၅၇ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည်  ခရစ်တော်ကို စားသုံးလျက် အသက်ရှင်သည့် နည်းတူ ၊ အသက်ရှင်တော်မူသော ခမည်းတော် သည်၊ ခရစ်တော်ကို စေလွှတ်တော်မူ၍ ၊ ခမည်းတော်ဘုရားအားဖြင့် အသက်ရှင်သည် ။

၁၄၁) ယောဟန် ၁၄း၆ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ခမည်းတော် ထံတော်သို့လာ၍ ၊ကိုယ်တော်သည် လမ်းခရီး ၊ သမ္မာတရား ၊ အသက် ဖြစ်တော်မူ၏ ။

၁၄၂) ယောဟန် ၆း၅၆ ၊ ၆၃ ။   ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ကိုယ်တော်၏ နှုတ်တော်ထွက် စကားအတိုင်း အသက်ရှင်၍ ၊ ၄င်းတို့သည် ဝိညာဉ်ဖြစ်၏ ၊ အသက်လည်းဖြစ်၏ ။ ကိုယ်တော်သည် အကျွန်ုပ်၌ တည်နေသကဲ့သို့. ၊အကျွန်ုပ်သည်လည်း ကိုယ်တော်၌ တည်နေသည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၁၄၃) ယောဟန် ၁၄း၂၀ ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ် နားလည်သဘောပေါက်သည့်အရာမှာ ၊ ကိုယ်တော်သည် ခမည်းတော်၌ ရှိတော်မူသကဲ့သို. ၊ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ ရှိ၍ ၊ ကိုယ်တော်သည် အကျွန်ုပ်အထဲ၌ ရှိသည်။

၁၄၄) ယောဟန် ၁၅း၄-၅ ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် မြောက်မြားစွာသော အသီး များကိုသီးသည် ။ အကြောင်းမှာ ၊ အကျွန်ုပ်သည် အခက်ဖြစ်၍ ၊ကိုယ်တော်သည် စပျစ်နွယ်ပင်ဖြစ် ၏ ။ အကျွန်ုပ်သည် ကိုယ်တော်၌ တည်နေ၍ ၊ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ တည်နေသည် ။ ကိုယ်တော်နှင့်ကွာလျှင် ၊ အကျွန်ုပ်သည် အဘယ်အမှု ကိုမျှ မတတ်စွမ်း နိုင်ပါ ။

၁၄၅) ယောဟန် ၁၅း၇ ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် ကိုယ်တော်၌ တည်၍ ၊ ကိုယ်တော့်စကားသည် အကျွန်ုပ်၌ တည်လျှင် ၊ အကျွန်ုပ်သည် တောင်းချင်သမျှကို တောင်း၍ ရလိမ့်မည် ။

၁၄၆) ယောဟန် ၁၆း၃၃ ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်၌ ငြိမ်သက်ခြင်း ရှိ၏ ။ ဆင်းရဲဒုက္ခကို ခံခြင်းအမှု၌ မစိုးရိမ် ပါ ။ အကြောင်းမူကား ၊ကိုယ်တော်သည် လောက ကို အောင်သောကြောင့်ဖြစ်သည်။

၁၄၇) ယောဟန် ၁၅း၉ ။ ။ ခရစ်တော်အားဖြင့် ၊ ခမည်းတော်သည် ခရစ်တော်ကို ချစ်တော်မူသကဲ့သို. ၊ ခရစ်တော်သည် အကျွန်ုပ်ကို ချစ်၏ ။

၁၄၈) ၁ ကော ၆း၁၁ ။ ။ ခရစ်တော်အားဖြင့် ၊ သခင်ယေရှု ၏ နာမ အားဖြင့်၄င်း ၊ ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့်၄င်း ၊ဆေးကြောသန့်ရှင်း၍ ဖြောင့်မတ်ရာသို. ရောက်၏ ။

၁၄၉) ယောဟန် ၁၄း၁၂ ၊၁၆ ၊၁၇ ။ ။ ခရစ်တော်အားဖြင့် ၊ အကျွန်ုပ်သည် သခင်ယေရှု ပြုတော်မူသော အမှုတို.ထက်သာ၍ ကြီးသော အမှုတို.ကို ပြု၏ ။ အကြောင်းမှာ ၊ ခရစ်တော်သည် ခမည်းတော်ထံသို.သွား၍ ၊ အကျွန်ုပ် အဘို. သမ္မာတရားနှင့်ပြည့်စုံသော သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ကာ ၊ ထိုသူသည် အကျွန်ုပ်အထဲ၌ အမြဲအသက်ရှင်သည် ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

## ကြွယ်ဝချမ်းသာခြင်း အပေါ် ဆင်ခြင်အောက်မေ့ခြင်း

၁) ကမ္ဘာဦး ၁၂း၂-၃ ၊ ဂလာတိ ၃း၇ ၊၄ ။ ။ ဘုရားသခင်သည် အကျွန်ုပ်ကို ကောင်းကြီးပေး၍ ၊ ကိုယ်တော်၏ နာမတော်ကို အကျွန်ုပ်အားဖြင့် ၊ ကြီးမြတ်စေမည်။ အကျွန်ုပ်သည် အခြားသူများ အတွက်ကောင်းကြီးဖြစ်စေသည် ။ အကျွန်ုပ်သည် အာဗြဟံ၏ သားဖြစ်၍ ၊ အာဗြဟံခံရသော ကောင်းကြီးမင်္ဂလာတို့သည် အကျွန်ုပ်အပေါ် သို့သက်ရောက်သည် ။

၂) ကမ္ဘာဦး ၁၄း၁၉ ။ ။ ကောင်းကင်နှင့်မြေကြီး ရှင် အမြင့်ဆုံးသော ဘုရားသခင်သည် ၊ အကျွန်ုပ်အားကောင်းကြီးပေးတော်မူသည် ။

၃) ကမ္ဘာဦး ၁၅း၁ ။ ။ ဘုရားသခင်သည် အကျွန်ုပ်၏ အကွယ်အကာ ဖြစ်၍ ၊ အကျွန်ုပ်၏ အကျိုးသည် အလွန်ကြီးလှပါ၏ ။

၄) ကမ္ဘာဦး ၃၉း၂-၃ ။ ။ ဘုရားသခင်သည် အကျွန်ုပ်နှင့် အတူ ရှိတော်မူ၍ ၊အကျွန်ုပ်သည် အကြံထမြောက်တတ်၏ ။ဘုရားသခင်သည် အကျွန်ုပ်ပြုလေရာရာ၌ အောင်စေတော်မူ၏ ။

၅) ယောရှု ၁း၈ ။ ။ အကျွန်ုပ်သည် ၊ ထိုပညတ္တိကျမ်းစာ ၌ ရေးထားသမျှ အတိုင်း ၊ ကျင့်မည်ဟုစောင့်ရှောက်ခြင်းအလို့ငှါ ကျမ်းစာကို မဖတ်မရွတ် ဘဲမနေ ၊ နေ့ညည့်မပြတ် ကြည့်ရှု ဖတ်ရွတ်သည် ။ သို့ပြုလျှင် ၊ အကျွန်ုပ်သည် အကြံထမြောက်၍ အောင်မြင်လိမ့်မည် ။

၆) ဆာလံ ၁း၂-၃ ။ ။ ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍ တရားတော်ကို နေ့ညည့်မပြတ်ဆင်ခြင် အောက်မေ့သောအကျွန်ုပ်သည် ၊ မင်္ဂလာရှိ၏ ။ အကြောင်းမူကား ၊ အကျွန်ုပ်သည် မြစ်နားမှာစိုက်လျက် မိမိအချိန်တန်မှအသီးကိုသီး၍ အရွက်မညှိုးနွမ်းတတ်သော အပင်နှင့်တူ၏ ။ အကျွန်ုပ်သည် ပြုလေသမျှတို့၌အောင်လိမ့်သတည်း ။

၇) ဆာလံ ၂၃း၁ ။ ။ ထာဝရဘုရားသည် ၊ အကျွန်ုပ်၏ သိုးထိန်းဖြစ်၍ ၊ အကျွန်ုပ်သည် ဆင်းရဲမခံရ ။

၈) ဆာလံ ၃၄း၉-၁၀ ။ ။ အကျွန်ုပ်သည် ထာဝရဘုရားကို ကြောက်ရွံ့၍ ၊ ဆင်းရဲခြင်း မခံရ ။ ခြင်္သေ့တို့သည် ၊ဆင်းရဲ၍ ငတ်မွတ်ခြင်းကိုခံရသော်လည်း ၊ ထာဝရဘုရားကို ရှာသော အကျွန်ုပ်၌ ကောင်းသော အရာတစ်စုံတစ်ခုမျှ မလိုရ ။

၉) ဆာလံ ၃၅း၂၇ ။ ။ အကျွန်ုပ်သည် ၊ ဘုရားသခင်၏ ကျွန်ဖြစ်၍ ၊ ကိုယ်တော်သည် အကျွန်ုပ်၌ ချမ်းသာတိုးပွားခြင်းအကြောင်းကို နှစ်သက်တော်မူသော  အရှင်ဖြစ်သည် ။

၁၀) ဆာလံ ၃၇း၄ ။ ။ အကျွန်ုပ်သည် ၊ ထာဝရဘုရား ၌မွေ့လျော်သောကြောင့် ၊ ကိုယ်တော်သည် စိတ်နှလုံးအလိုပြည့်စုံရသော အခွင့်ကိုပေးသည် ။

၁၁) ဆာလံ ၁၁၈ း ၂၄-၂၅ ။ ။ ဤနေ့ရက်သည် ၊ ထာဝရဘုရားစီရင်တော်မူသော နေ့ရက်ဖြစ်၍ ၊ အကျွန်ုပ်သည် ဂမ်းမြောက်ရွှင်လန်းသည် ။ ထာဝရဘုရားသည် ၊ အကျွန်ုပ်ကို ကယ်တင်တော်မူ၍ ၊ကောင်းကြီးမင်္ဂလာကိုပေးတော်မူသည် ။

၁၂) ဆာလံ ၁၁၂း၁ ၊ ၃ ။ ။ ထာဝရဘုရားကို ကြောက်ရွံ့၍ ၊ ပညတ်တော်တို့၌ အလွန်မွေ့လျော်သော အကျွန်ုပ်သည် ၊ မင်္ဂလာရှိ၏ ။ အကျွန်ုပ်၏ အိမ်၌ စည်းစိမ်ကြွယ်ဝ၍ ၊ အကျွန်ုပ်၏ ကောင်းကျိုးသည် အစဉ်အမြဲတည်တတ်၏ ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၁၃) သုတ္တံ ၃း၉-၁၀ ။  ။ အကျွန်ုပ်သည် ကိုယ်ဥစ္စာ နှင့် အဦးသီးသော အသီးအနှံရှိသမျှတို့.ကို ၊ ထာဝရဘုရာအားပူဇော်သည် ။ အကျွန်ုပ်၏ စပါးကျီတို့.သည် ၊ ကြွယ်ဝ၍ ၊စပျစ်သီး နယ်ရာ တန်ဆာတို့.ကို အသစ်သော စပျစ်ရည် လျှံသည် ။

၁၄) သုတ္တံ ၈း၁၂ ၊၁၈ ၊၂၁ ။  ။ အကျွန်ုပ်သည် ဘုရားသခင်၏ ဉာဏ်ပညာ ၊ စည်းစိမ်နှင့်ဂုဏ်အသရေ ကိုင်ငင်း ၊ မြဲသောစည်းစိမ်နှင့် ဖြောင့်မတ်ခြင်း ပါရမီ ကိုင်ငင်း၊ ချစ်ခင်စုံမက်၏ ။ ကိုယ်တော်ကိုချစ်သော အကျွန်ုပ်သည် အမွေခံရသော အခွင့်နှင့် ၊ အကျွန်ုပ်ဘဏ္ဍာတိုက်ပြည့်ဝရသော အခွင့်ကို၊ ကိုယ်တော်ပေးတော်မူ ၏ ။

၁၅) သုတ္တံ ၁၀း ၃-၄ ။  ။ ဖြောင့်မတ်သော အကျွန်ုပ်ကို ငတ်၍ သေစေခြင်းငှါ ၊ ထာဝရဘုရားသည် အခွင့်ပေးတော်မမူ ။ အကျွန်ုပ်သည် လုံ့.လဂီရိယ ရှိသောကြောင့် ၊ အကျွန်ုပ် ကို ကြွယ်ဝစေတော်မူ၏ ။

၁၆) သုတ္တံ ၁၄း၂၃-၂၄ ။  ။ ကြိုးစား၍ လုပ် လေရာရာ ၊ ကျေးဇူးရှိ၏ ။ အကျွန်ုပ်သည် ဘုရားသခင်၌ ဉာဏ်ပညာကိုဆည်းပူး၍ ၊ အကျွန်ုပ်ကို စည်းစိမ်ဥစ္စာနှင့်ပတ်ရစ်တော်မူ၏ ။

၁၇) သုတ္တံ ၂၂း၄ ။  ။ စိတ်နှိမ့်ချခြင်း ၊ထာဝရဘုရားကို ကြောက်ရွံ့.ခြင်း ကျေးဇူးကြောင့် ၊အကျွန်ုပ်သည် စည်းစိမ် ၊ဂုဏ်အသရေနှင့် အသက်ကို ရတတ်၏ ။

၁၈) ဟေရှာယ ၁း၁၉ ။  ။ အကျွန်ုပ်သည် ကြည်ညိုနားထောင်သောကြောင့် ၊မြေအသီးအနှံကို စားရ၏ ။

၁၉) မာလခိ ၃း၁၀-၁၁ ။  ။ အကျွန်ုပ်သည် ဆယ်ဘို့.တဘို့. ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့.သွင်း၍ ၊ ဘုရားသခင်၏ အိမ်တော်၌ စားစရာ ရှိစေခြင်းငှါ ၊ပြုသည် ။ ကိုယ်တော်သည်မိုးကောင်းကင်ပြတင်းပေါက်တို့.ကိုဖွင့်၍ ၊ ကောင်းကြီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည်ဟု အကျွန်ုပ်သက်သေခံသည် ။ အကျွန်ုပ်တဘက်၌ နေသော ဖျက်ဆီးတတ်သော သူတို့.ကို၊ ကိုယ်တော်သည် ဆုံးမတော်မူမည်။

၂၀) မဿဲ ၆း၃၃ ။  ။ အကျွန်ုပ်သည် ၊ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေ့.ဦးစွာ ရှာသောကြောင့် ၊ နောက်မှလိုသမျှသော အရာတို့.ကို ကိုယ်တော်သည် ထပ်၍ ၊ပေးတော်မူသည်။

၂၁) လုကာ ၆း၃၈ ။  ။ အကျွန်ုပ်သည် သူတပါးကို ပေးကမ်း သောကြောင့်၊ သူတပါးသည် အကျွန်ုပ်အား ပေးလိမ့်မည်။ အမှန်ခြင်ရုံမျှ မက၊ သိပ်နက်လျက် ၊လှုပ်လျက်၊ လျှံလျက် ရှိခြင်းနှင့် အကျွန်ုပ်ရင်ခွင်၌ ပေး ကြလိမ့်မည် ။ အကြောင်းမူကား ၊ အကျွန်ုပ်သည် အကြင်ချိန် တင်းပမာဏ အတိုင်း သူတပါးအားပေး၏ ။ ထိုပမာဏအတိုင်း ၊အကျွန်ုပ်သည် ခံရ၏ ။

၂၂) မာကု ၁၀း၃၀ ။  ။ အကျွန်ုပ်သည် သခင်ယေရှု နှင့် ဧဝံဂေလိတရား ကြောင့် ရှိသမျှသော အရာတို့.ကို အရှုံးခံသည် ။ ယခုကာလ၌ ၊ ညှဉ်းဆဲခြင်းနှင့်တကွ အဆတစ်ရာသော အကျိုးကို ရရှိကာ ၊နောင်ဘဝ၌ လည်း ထာဝရအသက်ကို ခံရသည် ။

၂၃) ၂ ကော ၈း၉ ။  ။ သခင်ယေရှုသည် စည်းစိမ်ရှိသော်လည်း ၊အကျွန်ုပ်အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူ၏ ။ ကိုယ်တော် ဆင်းရဲခံတော်မူခြင်းဖြင့် ၊ အကျွန်ုပ်သည် စည်းစိမ်ရှိစေရန်ဖြစ်သည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

၂၄) ၂ ကော ၉း၆-၈ ။ ။ အကျွန်ုပ်သည် ၊ များစွာကြဲ၍ များစွာ ရိတ်သိမ်းရသောဖြစ်၏ ။ နှမြောသောစိတ်နှင့်သော်၎င်း ၊ မလှူဘဲမနေရဟုစိတ်ထင်နှင့်သော်၎င်း ၊ မပေးဘဲ စေတနာစိတ်နှင့်သာ ပေးကမ်းသည်။ ဘုရားသခင်သည် အကျွန်ုပ်ကို ချစ်၍ ၊ကိုယ်တော်၏ကျေးဇူးတော်နှင့်ပတ်ရစ်တော်မူ၏ ။ အကျွန်ုပ်သည် အရာရာ၌ သုံးလောက်သောဥစ္စာ အမျိုးမျိုး အစဉ်ရှိ၍ ၊ ကောင်းသောအမှုအမျိုးအမျိုး နှင့်အထူးသဖြင့် ပြည့်စုံသည်။

၂၅) ဂလာတိ ၃း၁၃ ၊ တရားဟော ၂၈ ။ ။ ခရစ်တော်သည်၊ အကျွန်ုပ်ကို ဆင်းရဲခြင်း ကျိန်ခြင်း မှ ရွေးနှုတ်တော်မူသည် ။

၂၆) ၃ ယော ၂ ။ ။ အကျွန်ုပ်သည်၊ ပေးကမ်းစွန့်ကြဲခြင်း သာသနာ၌ ပေမျှကာ ၊ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည့်အတိုင်း၊ အကျွန်ုပ်အလိုရှိသမျှကို ယေရှုခရစ်အားဖြင့် ၊ပြည့်စုံစေတော်မူလိမ့်မည် ။ (ဖိလိပ္ပိ ၄း၁၅ ။၁၆၊၁၈၊၁၉) ။ အကျွန်ုပ်သည် စိတ်ဝိညာဉ်ကောင်းစားသကဲ့သို့၊ အရာရာ၌ ကောင်းစား၍ ကျန်းမာခြင်းရှိမည်အကြောင်း၊ဘုရားသခင်အလိုတော်ရှိ၏ ။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 

## ကလေးသူငယ်များ အတွက်ဆင်ခြင်အောက်မေ့ခြင်း

၁) တရားဟောရာ ၅း၁၆ ။ ။ အကျွန်ုပ်သည် မိခင် နှင့်ဖခင်ကို ရိုသေစွာပြုသည့်အတွက်ကြောင့် ၊ ထာဝရဘုရား မှာထားတော်မူသည့်အတိုင်း၊ အကျွန်ုပ် သည် အသက်တာရှည်၍ ကောင်းစားသည်။

၂) တရားသူကြီး ၁၃း၂၄-၂၅ ။ ။ အကျွန်ုပ်သည် ကြီးပွား၍ ၊ ထာဝရဘုရားသည်ကောင်းကြီးပေးတော်မူ၏ ။ ဘုရားသခင်၏ဝိညာဉ်တော်သည်၊ အကျွန်ုပ်၏ အသက်တာ၌ လှုပ်ရှားတော်မူသည်။

၃) ၁ ဓမ္မ ၂း၁၁-၁၂ ။ ။ အကျွန်ုပ်သည် ထာဝရဘုရား၏ အမှုတော်ကိုဆောင်ရွက်၍ ၊ ဘုရားသခင့်ရှေ့တော်၌ ကြီးပွားသည်။

၄) ၁ ဓမ္မ ၂း၂၆ ။ ။ အကျွန်ုပ်သည် ကြီးပွား၍ ၊ ဘုရားသခင်ရှေ့ ၊လူရှေ့မှာ မျက်နှာရတော်မူ၏ ။

၅) သုတ္တံ ၁း၈-၉ ။ ။ အကျွန်ုပ်သည် အဘ၏ နည်းဥပဒေသကို နားထောင်၍ ၊ အမိ၏ တရားကိုလည်း ၊ မပယ် ရှားပါ ။ ထိုနည်းဥပဒေသတရားတို့သည်၊ အကျွန်ုပ်၏ ခေါင်း၌ တင့်တယ်သောဦးရစ်၊ အကျွန်ုပ်၏ လည်ပင်း၌ ပတ်ရစ်သောလည်ဆွဲဖြစ်၏ ။

၆) သုတ္တံ ၄း၁ (အမ်ပလီဖိုင်းဗားရှင်း) ။ ။ အကျွန်ုပ်သည်၊ အဘ၏ နည်းဥပဒေသကိုနားထောင်၍ ၊ ဉာဏ်သဘောကိုနားလည်ခြင်းငှါ စေ့စေ့မှတ်သည်။ စိတ်ဝိညာဉ်တို့ကိုပိုင်းခြားနိုင်ခြင်းငှါ၄င်း ၊ ဝိညာဉ်ရေးရာ၌ နက်နဲသော အရာများကို နားလည် သဘောပေါက်ရန် အလို့ငှါ စေ့စေ့ဆင်ခြင်သည်။

၇) သုတ္တံ ၁၅း၂၀ ၊ ၂၉း၃ ။ ။ အကျွန်ုပ်သည် ပညာရှိသောသားဖြစ်၍ ၊ အဘဝမ်းမြောက်ခြင်း အကြောင်းဖြစ်၏ ။ အကျွန်ုပ် သည် ဉာဏ်ပညာကို စုံမက်၍ ၊ မိဘတို့ဝမ်းမြောက်ခြင်း အကြောင်းဖြစ်၏ ။

၈) သုတ္တံ ၂ဝး၁၁ ။ ။ အကျွန်ုပ်ပြုသော အမှုသည် မှန်သည်၊မမှန်သည် ၊စင်သည်၊ မစင်သည်ကိုမိမိ အခြင်းအရာအားဖြင့် ပြသောသူဖြစ်၏ ။

၉) သုတ္တံ ၂၂း၆ ။ ။ အကျွန်ုပ်သည် မိမိသွားရာလမ်း၀၌ အဘယ်ကဲ့သို့ သွားသင့်သည်အကြောင်း ၊ ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းကိုခံရသည်။ အကျွန်ုပ်သည် အိုသောအခါ ၊ထိုလမ်းမှ မလွဲ၊ လိုက်သွားလိမ့်မည်။

၁၀) သုတ္တံ ၂၃း၂၂ ။ ။ အကျွန်ုပ်ကိုဖြစ်ဘွားစေသော အဘ၏ စကားကို နားထောင်သည်။ အသက်ကြီးသော မိခင်ကိုမထီမဲ့မြင် မပြု ပါ။

၁၁) လုကာ ၂း၄၀ ။ ။ အကျွန်ုပ်သည်လည်း ၊ ကြီးပွား၍ ပညာဉာဏ်သတ္တိ နှင့် ပြည့်စုံ၏ ။ ဘုရားသခင်၏ ကျေးဇူးတော်သည် အကျွန်ုပ်အပေါ်၌ တည်တော်မူ၏။

၁၂) လုကာ ၂း၅၂ ။ ။ အကျွန်ုပ်သည်၊ အစဉ်အတိုင်းကြီး၍ ပညာတိုးပွားလျက် ၊ ဘုရားသခင်ရှေ့၊လူတို့ရှေ့မှာ မျက်နှာရတော်မူ၏ ။

၁၃) ဖေက် ၆း၁ ၊၃ ။ ။ အကျွန်ုပ်သည် သခင်ဘုရား၏ အလိုတော်နှင့်အညီ မိဘစကားကို နားထောင်သည်။ ဤအမှုသည် ကောင်းသောအမှုဖြစ်၍ အကျွန်ုပ်သည် ပြည်တော်၌ ကောင်းစား၍ အသက်တာရှည်သည်သည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved.

၁၄) ဖေက် ၆း၄ ။    ။ အကျွန်ုပ်သည်၊ သခင်ဘုရား၏ အလိုတော်နှင့်အညီ ၊ဆုံးမသွန်သင်ခြင်းကိုခံရသောသူဖြစ်သည်။

၁၅) ကောလောသဲ ၃း၂၀ ။    ။ အကျွန်ုပ်သည်၊ မိဘစကားကိုအရာရာ၌ နားထောင်သောသူဖြစ်သည်။
မိဘစကားကိုနားထောင်ခြင်းအမှုသည်၊ သခင်ဘုရားနှစ်သက်တော်မူသော အမှုဖြစ်၏ ။

၁၆) ၁ တိ ၄း၁၂ ။    ။ အကျွန်ုပ်၏ အသက်အရွယ် နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင် မပြုစေပါ ။ စကားပြောခြင်း ၊ကျင့်ကြံပြုမူခြင်း၊
သူတပါးကိုချစ်ခြင်း၊ ဂိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ၊
ယုံကြည်သောသူတို့.ကိုပုံသက်သေပြသောသူဖြစ်သည်။

၁၇) ၂ တိ ၃း၁၅ ။    ။ အကျွန်ုပ်သည်၊ ငယ်သောအရွယ်မှစ၍ ပညာကိုပေးနိုင်သော ဓမ္မကျမ်းစာကို လေ့ကျက်သည်။
ခရစ်တော်ကိုယုံကြည်ခြင်း၌၊ အကျွန်ုပ်သည် ဉာဏ်ပညာနှင့်အတူ ကြီးထွားလာသည်။

© Copyright 2014 by Johann Melchizedek Peter. All rights reserved. 